# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ သောကြာနေ့။ Friday, 6 June 2025 ၁၁၈၄၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးလုပ်ငန်းများတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းအားဖြင့် ပိုမိုသန့်ရှင်းကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် တည်ဆောက်



နေပြည်တော် ဇွန် ၅

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ယနေ့ ဖတ်စရာ

**သမိုင်း၏ အမှန်တရားဘက်နှင့် တရားမျှတသောဘက်တွင် ရပ်တည်ခြင်း**

ဆောင်းပါး


စာမျက်နှာ » ၆


**ကချင်ပြည်နယ် နောင်မွန်းမြို့နယ် နောင်မွန်း-ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး)ကြိုးတံတားပျက်စီးခဲ့မှုအား ပြန်လည်ပြုပြင်ပြီးစီး၊ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်များ ပို့ဆောင်**


စာမျက်နှာ » ၇




ကြေးမုံ

# သတ္တဝါများအားလုံး ရှင်သန်ဖွံ့ဖြိုးရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေး

မျက်မှောက်ကာလတွင် သက်ရှိများအားလုံး ရှင်သန်ဖွံ့ဖြိုးနေသော ဤကမ္ဘာလောကကြီးတွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ယိုယွင်းပျက်စီးမှုများကြောင့် သက်ရှိအရာများ ပျက်သုဉ်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ ညစ်ညမ်းပျက်စီးယိုယွင်းမှုများအားလုံးနီးပါးသည် လူသားများ၏ မဆင်မခြင်ပြုလုပ်ခြင်းကြောင့် ဖြစ်ရသည်ကို အများဆုံးတွေ့ရသည်။ သက်ရှိအားလုံး ရှင်သန်ဖွံ့ဖြိုးနေသည့် ဂေဟစနစ်ကြီးအားကောင်းမှသာ သာယာလှပသည့်ကမ္ဘာကြီးအဖြစ် အစွန့်ရှည်မည်ဖြစ်သည်။

လူသားတို့၏ အတ္တ၊ လောဘ၊ ဒေါသများကြောင့် ဤကမ္ဘာကြီးမှာ တစ်စတစ်စ ယိုယွင်းပျက်စီးလာသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာမြေကြီးကို လူသားများအားလုံး ထိန်းသိမ်းစောင့်ရှောက်စေရန် ရည်ရွယ်၍ ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကုလသမဂ္ဂက ကြီးမှူး၍ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံး ပူးပေါင်းပြီး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်နိုင်ရန် ပထမဆုံးအကြိမ် လူသားပတ်ဝန်းကျင်ညီလာခံကြီးကို ကျင်းပခဲ့သည်။ အဆိုပါညီလာခံကျင်းပသည့်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ပြီး နိုင်ငံများတွင် အခမ်းအနားများ နှစ်စဉ်ကျင်းပလျက်ရှိသည်။

သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အကြောင်းရင်းများတွင် စစ်ပွဲများ၊ သယံဇာတ အလွန်အကျွံထုတ်ယူမှုများ၊ ကိုယ်စီအသိစိတ်ဓာတ် အားနည်းမှုများကြောင့်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ကမ္ဘာကြီးတွင် အချင်းချင်း ရန်လိုမုန်းထားစိတ်များဖြင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခြင်းကြောင့် ပတ်ဝန်းကျင်ပျက်စီးပြီး လူသားများအပြင် သက်ရှိသတ္တဝါများ ရှင်သန်နေထိုင်လျက်ရှိသည့်ဂေဟစနစ်များ ပျက်သုဉ်းခဲ့ရသည်။

ယခု ၂၀၂၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" ဖြစ်သည်။ လက်ရှိအခြေအနေတွင် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုပြဿနာတစ်ရပ်မှာ ပလတ်စတစ်ညစ်ညမ်းမှုပြဿနာဖြစ်သည်။ ယခုအခါ လူသားများ၏ အသုံးအဆောင်ပစ္စည်းများအားလုံးနီးပါးမှာ ပလတ်စတစ်ပစ္စည်းများပါဝင်နေသည်။ တွင်ကျယ်လာသော ပလတ်စတစ်ကို လက်ငင်းအသုံးပြုမှုဦးစားပေးပြီး နောက်ဆက်တွဲဆိုးကျိုးများကို မေ့လျော့လျက်ရှိသည်။

လူသားတို့သည် ဈေးနှုန်းသက်သာခြင်း၊ ထုပ်ပိုးရာတွင် ပေါ့ပါးခိုင်ခံ့မှုရှိခြင်း၊ ရေစိုခံခြင်း၊ အနံ့အသက်မရှိခြင်း၊ ပြန်လည်အသုံးပြုနိုင်ခြင်း၊ တာရှည်အသုံးပြုနိုင်ခြင်း၊ အလွယ်တကူရရှိနိုင်ခြင်းနှင့် စွန့်ပစ်ရလွယ်ကူခြင်းတို့ကြောင့် ပလတ်စတစ်ပစ္စည်းများကို နေ့စဉ် ပိုမိုသုံးစွဲနေကြသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း ၄၀၀ ကျော်ထုတ်လုပ်လျက်ရှိပြီး ၅၀ ရာခိုင်နှုန်းသည် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများဖြစ်သည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်း ၁၀ ရာခိုင်နှုန်းကိုသာ ပြန်လည်ပြုပြင်အသုံးပြုနေကြသည်။ ကမ္ဘာတစ်ဝန်းတွင် တစ်မိနစ်လျှင် ပလတ်စတစ်ရေသန့်ဘူး တစ်သန်းကျော် သုံးစွဲစွန့်ပစ်နေပြီး တစ်နှစ်လျှင် တစ်ခါသုံးပလတ်စတစ်အိတ် ငါးထရီလီယံကျော် သုံးစွဲစွန့်ပစ်လျက်ရှိသည်ဟု ကုလသမဂ္ဂက ထုတ်ပြန်ထားသည်။

ပလတ်စတစ်အများစုသည် သဘာဝအရင်းအမြစ်များမှ ထုတ်လုပ်သုံးစွဲခြင်းဖြစ်၍ အလွန်အကျွံထုတ်ယူသုံးစွဲပါက သဘာဝအရင်းအမြစ်များ လျော့နည်းကုန်ခန်းစေသည်။ ယင်းတို့ကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည် ရာသီဥတုပြောင်းလဲမှုကို အဆိုးရွားဆုံးဖြစ်စေသည်။ မြေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်း၊ လေထုညစ်ညမ်းခြင်း၊ မြို့ပြသန့်ရှင်းမှုကိုထိခိုက်ခြင်းနှင့် လူတို့၏ကျန်းမာရေးကို ထိခိုက်ခြင်းစသည့် ထိခိုက်မှုအမျိုးမျိုးကို ဖြစ်ပေါ်စေသည်။ ပလတ်စတစ်သည် မြေဆီလွှာထဲတွင် နှစ်ပေါင်း ၅၀၀၊ ၁၀၀၀ ခန့်ကြာမှ ဆွေးမြည့်နိုင်ပြီး ကုန်းမြေတွင်စွန့်ပစ်ပါက ကုန်းနေသတ္တဝါများတွင် အစာခြေဖျက်မှုဆိုင်ရာ ပြဿနာများဖြစ်ကာ အသက်အန္တရာယ်ရှိနိုင်သည်။

မြေဆီလွှာပျက်စီးပြီး အပင်ကြီးထွားရှင်သန်မှုကို လျော့ကျစေသည်။ ရေတွင်စွန့်ပစ်ပါက ရေချိုသယံဇာတများညစ်ညမ်းစေပြီး ရေနေသတ္တဝါများနှင့် သယံဇာတများပျက်စီးစေသည်။ သုတေသနပြုချက်အရ တစ်နှစ်လျှင် ပလတ်စတစ်ကြောင့် ရေနေသတ္တဝါသေဆုံးမှု တစ်သိန်းကျော်ခန့်ရှိသည်ဟု သိရသည်။ လက်ရှိအခြေအနေအတိုင်း ဆက်လက်စွန့်ပစ်နေပါက ၂၀၅၀ ပြည့်နှစ်တွင် သမုဒ္ဒရာအတွင်းရှိ ရေနေသတ္တဝါစုစုပေါင်းထက် ပလတ်စတစ်အရေအတွက်က ပိုများလာမည်။ လူတို့အနေဖြင့် ပလတ်စတစ်အိတ်နှင့် ပန်းကန်ခွက်ယောက်များအသုံးပြုပါက အပူနှင့်ထိတွေ့ပြီး ဓာတ်ပြုမှုလျင်မြန်စွာပြောင်းလဲကာ ကင်ဆာရောဂါဖြစ်စေသည့် ဓာတ်တစ်မျိုးဖြစ်လာနိုင်သည်။

သို့ဖြစ်ရာ ကမ္ဘာကြီးသည် လူသားတို့၏ မဆင်မခြင်၊ အလွန်အကျွံပြုလုပ်မှုများကြောင့် ကမ္ဘာမြေကြီးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ၊ ပျက်စီးမှုများ ပိုမိုဖြစ်ပေါ်လာလျက်ရှိရာ လူသားများ၊ သက်ရှိသတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်ကို ကြီးမားသောထိခိုက်မှုများ ဖြစ်ပေါ်လာနေပြီဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လူသားများအားလုံး အသိတရားဖြင့် ဝိုင်းဝန်းပါဝင်လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်း ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အစိုးရဓမ္မာစရိယစာမေးပွဲ အငှမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇွန် ၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ အငှမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၀၆ ဌာနတို့၌ ဒုတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ အငှမနေ့ကို စာရင်းသွင်း ၄၄၈ ပါး/ ဦး အနက် ၂၃၃ ပါး/ ဦး ဖြေဆိုကြသဖြင့် ၅၂ ဒသမ ဝ၁ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်း ၆၂၅၇၂ ပါး/ ဦး အနက် ၄၆၁၃၄ ပါး/ ဦး ဖြေဆိုကြသဖြင့် ၇၃ ဒသမ ၇၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## အုတ်တွင်းမြို့နယ်ရှိ သမဝါယမအသင်းများစိုက်ပျိုးသည့် ထိုင်းနံ့ကောက်စပါးများထွက်ရှိ

**ပဲခူး ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ၌ မြို့နယ်သမဝါယမအသင်းစု၏ ပံ့ပိုးငွေဖြင့် ထိုင်းနံ့ကောက်အမျိုးအစား စပါးများကို ရေလျှံစိုက်ပျိုးရေးနှင့်အထွေထွေ လုပ်ငန်း သမဝါယမအသင်းတွင် စိုက်ဧက ၄၀၊ နတ်စဉ်ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းတွင် စိုက်ဧက ၂၅ ဧက၊ ဘန့်ဘွေးကုန်း-၃ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းတွင် စိုက်ဧက ၂၅ ဧကတို့ကို စိုက်ပျိုးထားရှိပြီး အဆိုပါစပါးများ ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှ အထွက်နှုန်း တင်း ၁၀၀ ကျော်ခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၅ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၇,၀၀၀ | ၄၅၇ | ၃,၁၆၆,၁၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၄,၃၁၃ | ၁၃,၀၁၇,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃၀ | ၂၃၄,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၆၅၈ | ၁,၁၈၄,၄၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၉၉ | ၂၇၇,၂၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁,၅၅၈ | ၂,၅၇၁,၇၀၀ |
| AMATA | ၁,၉၅၀ | ၁,၉၅၀ | ၁၀ | ၁၉,၅၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၁၇၅ | ၁,၁၆၂,၅၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောကျေးရွာဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ တာဝန်ရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



❂ ရှေ့ဖုံးမှ

တက္ကသိုလ်နှင့် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်လာကြစေရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ(၅)ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် **“ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့်ဆောင်ရွက်ပေး(Ending Plastic Pollution Globally)”**ဟု သတ်မှတ်ထားကြောင်း၊ ရည်ရွယ်ချက်မှာ ကမ္ဘာပေါ်၌ တစ်နေ့တခြား ပိုမိုဆိုးရွားလာနေသည့် ပလတ်စတစ်ညစ်ညမ်းမှုများကို အဆုံးသတ်တိုက်ဖျက်သွားမည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်တစ်ခုပေါ်ထွက်လာရေးနှင့် အနာဂတ်ကာလတွင် တိုးတက်ကောင်းမွန်သန့်ရှင်းသည့် သဘာဝပတ်ဝန်းကျင်တစ်ရပ် ဖြစ်လာစေရေးတို့အတွက် စုပေါင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းနိှုးဆော်ထားခြင်းပင်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတိုးတက် များပြားလာခြင်းနှင့်အတူ နည်းပညာနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာသည့်အတွက် ရာသီဥတုများသည် အဆိုးဘက်ကို ပြောင်းလဲလာနေကြောင်း၊ ထို့အပြင် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲလာခြင်းကြောင့် ဂေဟစနစ်များ ယိုယွင်းလာပြီး ဇီဝမျိုးစုံမျိုးကွဲများ တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်လာနေကြောင်း၊ မြို့ပြနှင့် စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံမှုမရှိသည့်အတွက် ပတ်ဝန်းကျင် ညစ်ညမ်းစေသည့် ပြဿနာများကို မြန်မာနိုင်ငံ အပါအဝင် ယနေ့ကမ္ဘာတစ်ဝန်းလုံး၌ ရင်ဆိုင်ကြုံတွေ့နေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများထဲတွင် ပလတ်စတစ်စွန့်ပစ်အမှိုက်များသည် နေ့စဉ်နှင့်အမျှ များပြားလာပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်း၏ အဓိက စိန်ခေါ်မှုတစ်ရပ်ကဲ့သို့ ဖြစ်လာနေကြောင်း၊ သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေး၊ လူသားအားလုံး၏ ကျန်းမာရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် များစွာခြိမ်းခြောက်လာနေကြောင်း။

ယနေ့ခေတ်တွင် အသုံးပြုရလွယ်ကူခြင်း၊ တန်ဖိုးနည်းခြင်း၊ ပုံသဏ္ဌာန်အမျိုးမျိုး ဖန်တီးနိုင်ခြင်း၊ ထုပ်ပိုးရလွယ်ကူခြင်းစသည့် လျင်မြန်လွယ်ကူ အသုံးတည့်မှုများကြောင့် ပလတ်စတစ်များကို မိမိတို့ လူ့ပတ်ဝန်းကျင်နေရာ အနှံ့အပြားတွင် အဓိကပစ္စည်းအဖြစ် အသုံးပြုလာကြကြောင်း၊ ကမ္ဘာ့ ပလတ်စတစ် ထုတ်လုပ်မှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်စာရင်းများအရ တန်ချိန် သန်းပေါင်း ၄၀၀ ကျော်အထိ ရောက်ရှိခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း နှစ်ဆမြင့်တက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ ထုတ်လုပ်မှုများ ဆက်လက်တိုးတက်လာနေမည် ဆိုပါက လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ပလတ်စတစ် ထုတ်လုပ်မှုသည် တန်ချိန်သန်းပေါင်း ၁၁၀၀ အထိ ရောက်ရှိလာနိုင်သည်ကို လေ့လာသိရှိရကြောင်း၊ ထိုသို့ထုတ်လုပ်မှု တိုးတက်လာခြင်းနှင့်အတူ သုံးစွဲရာတွင် ထိန်းချုပ်မှုအားနည်းခြင်းနှင့် စည်းကမ်းမဲ့ မဆင်မခြင်စွန့်ပစ်ခြင်းများကြောင့် ပလတ်စတစ်ညစ်ညမ်းမှု ပြဿနာများစွာကို ယနေ့အချိန်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စိုးရိမ်ဖွယ်ရာ အန္တရာယ်တစ်ခုအဖြစ် ရင်ဆိုင်ကြုံတွေ့ လာနေကြရပြီဖြစ်ကြောင်း။

ကုန်းမြေမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာများထဲကို ရောက်ရှိလာသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် အချိန်ကာလကြာလာသည်နှင့်အမျှ အလွန်သေးငယ်သည့် ပလတ်စတစ်အမှုန်အမွှား (Micro-plastics) များအဖြစ် ပြောင်းလဲဖြစ်ပေါ်ပြီး အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဖြစ်စေကြောင်း၊ ယနေ့အချိန်တွင် အဆိုပါ Micro-plastics များသည် ပင်လယ်သမုဒ္ဒရာများ၊ မြစ်ချောင်းများ၊ လေထုအတွင်းနှင့် နေ့စဉ် အစားအစာများထဲအထိ ပျံ့နှံ့ရောက်ရှိနေပြီး နောက်ဆုံးတွင် လူ့ခန္ဓာ အစိတ်အပိုင်းများထဲအထိ ထိုးဖောက်ရောက်ရှိလာကြကြောင်း၊ အဆိုပါအချက်ကို ကြည့်ခြင်းအားဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ကြီးမားလှသည့် အန္တရာယ်ကိုသိရှိနိုင်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်း အပါအဝင် စွန့်ပစ်အမှိုက်များကို စနစ်တကျစီမံထိန်းချုပ် ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)**ကို ရေးဆွဲထုတ်ပြန်ထားပြီး မြို့ပြနှင့် စက်မှုလုပ်ငန်းများတွင် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှု ထိန်းချုပ်နိုင်ရေးကို အဓိက ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် ကဏ္ဍစုံပေါင်းစပ်အကောင်အထည် ဖော်နိုင်ရန်အတွက် **အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်**ကို ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၄ သို့ »»

❖ **ကုန်းမြေမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာများထဲကို ရောက်ရှိလာသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် အချိန်ကာလကြာလာသည်နှင့် အမျှ အလွန်သေးငယ်သည့် ပလတ်စတစ်အမှုန်အမွှား(Micro-plastics)များအဖြစ် ပြောင်းလဲဖြစ်ပေါ်ပြီး အဏ္ဏဝါပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်းဖြစ်စေ**

❖ **ယနေ့အချိန်တွင် အဆိုပါ Micro-plastics များသည် ပင်လယ်သမုဒ္ဒရာများ၊ မြစ်ချောင်းများ၊ လေထုအတွင်းနှင့် နေ့စဉ် အစားအစာများထဲအထိ ပျံ့နှံ့ရောက်ရှိနေပြီး နောက်ဆုံးတွင် လူ့ခန္ဓာအစိတ်အပိုင်းများထဲအထိ ထိုးဖောက်ရောက်ရှိလာကြ၊ အဆိုပါအချက်ကို ကြည့်ခြင်းအားဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ကြီးမားလှသည့် အန္တရာယ်ကို သိရှိနိုင်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းအဆင့်) ဒုတိယဆုရရှိသည့်ကျောင်းမှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စိမ်းလန်းစိုပြည်သောကျောင်း( မူလတန်းအဆင့်)ပထမဆုရရှိသည့်ကျောင်းမှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

»»» **စာမျက်နှာ ၃ မှ**

မြန်မာနိုင်ငံတွင် ပလတ်စတစ်ညစ်ညမ်းမှုများကို လျှော့ချနိုင်ဖို့ ပြည်တွင်းရှိ ပလတ်စတစ်ကို ပြန်လည်ပြုပြင် ထုတ်လုပ်သည့် (Recycle)လုပ်ငန်းများ ပိုမိုတွင်ကျယ်အားကောင်းလာစေရန်၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် အဏ္ဏဝါပတ်ဝန်းကျင် ညစ်ညမ်းမှုကို တားဆီးကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် **ပင်လယ်ကမ်းရိုးတန်း ဒေသရှိ စက်မှုနှင့် မြို့ပြလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ် လုပ်ငန်းစဉ်အဆင့်ဆင့် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း (Standard Operating Procedure– SOP)** များကို လိုက်နာဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံသည် **"ဘေးအန္တရာယ်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏ စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော် သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်း"**၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို နိုင်ငံအတွင်း တရားမဝင်တင်သွင်းခြင်း မရှိစေရန်အတွက် ကွန်ဗင်းရှင်းပါကတိကဝတ်များနှင့်အညီ စနစ်တကျထိန်းချုပ်စီမံ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

၂၀၁၉ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့သည့် **အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက် တိုက်ဖျက်ရေးဆိုင်ရာ ဗန်ကောက်ကြေညာစာတမ်းနှင့် အာဆီယံမူဘောင်**ကိုလည်း မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၄၅ တွင် **နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်**ဟု လည်းကောင်း၊ ပုဒ်မ ၃၉၀၊ အပိုဒ်(ခ)တွင် **နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများတွင် နိုင်ငံတော်အား ကူညီရန် တာဝန်ရှိသည်**ဟု လည်းကောင်း ပြဋ္ဌာန်းထားသည့်အတွက် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် တာဝန်သိတတ်သည့် စိတ်ဖြင့် လိုက်နာပူးပေါင်းဆောင်ရွက်သွားကြရန် အလေးအနက်ထားတိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတွင် ပလတ်စတစ်ညစ်ညမ်းမှုများမှ ကင်းဝေးပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်ရန် အတွက် **"ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး (Ending Plastic Pollution Globally)"** ဆိုသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးလုပ်ငန်းများတွင် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုများနှင့်အတူ နိုင်ငံအတွင်းတွင်ရှိသည့် ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ကျောင်းသားလူငယ်များ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းအားဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်သွားကြပြီး ပိုမိုသန့်ရှင်းကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကို တည်ဆောက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယိုနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP)၏အမှုဆောင်ညွှန်ကြားရေးမှူး၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ ဆုရရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မှ တာဝန်ရှိသူထံ လည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ တာဝန်ရှိသူထံလည်းကောင်း၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ Great Success Energy Co; Ltd. (၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း) မှ တာဝန်ရှိသူထံလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း(အထက်တန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများကို လည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စိမ်းလန်းစိုပြည်သောကျောင်း (မူလတန်းအဆင့်)ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကျောင်းများကို လည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေးဗီဒီယိုနှင့် ရန်ကုန်မြို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ ပေးပို့သည့် "မမြင်နိုင်သောလူသတ်သမား" PM 2.5 အကြောင်း အသိပညာပေးဗီဒီယိုတို့ကို ပြသသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**စစ်တွေ ဇွန် ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP)အမှုဆောင်ညွှန်ကြားရေးမှူးချုပ်တို့၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ပေးပို့သည့် ဗီဒီယိုများနှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုတို့ကို ကြည့်ရှုအားပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





# လှိုင်ကော်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပ

**လှိုင်ကော် ဇွန် ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် တက်ရောက် အမှာစကားပြောကြားသည်။

**ကြည့်ရှု**

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP)အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် ပေးပို့သည့် သဝဏ်လွှာဖတ်ကြားသည့် Video Clip များကို ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ဆောင်းပါးပြိုင်ပွဲနှင့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဟသ်ာတမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပ

**ဟသ်ာတ ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ကနောင်စုရပ်ကွက်ရှိ ဟသ်ာတခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်နေ့အဖြစ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သော Video Clip နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Video Clip တို့ကို ပြသသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ဌာနဆောင်ရွက်ချက်မှတ်တမ်းများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကလေးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

**ကလေး ဇွန် ၅**

စစ်ကိုင်း တိုင်းဒေသကြီး ကလေးမြို့၌ ကလေးခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အမှာစကားပြောကြားပြီး ကလေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး




ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးသန္တာအောင်က အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ၌ ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" ခေါင်းစဉ်နှင့် ပတ်သက်သည့် ဗီဒီယိုကိုပြသခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်းလှမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကျင်းပ



**မင်းလှ ဇွန် ၅**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်သစ်တောဦးစီးဌာနက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို သရက်တပင်အုပ်စု ငွေးတောက်ကုန်းကျေးရွာ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၀၀၊မဟော်ဂနီပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ ခရေပင် ၅၀၊ စိန်ပန်းကြီးပင် ၁၀၀၊ မန်ကျည်းပင် ၈၀၀ စုစုပေါင်း ပျိုးပင် ၁၃၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ ပလတ်စတစ်အစားထိုး အိတ်များနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ညောင်ဦး ဇွန် ၅**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့ မဏိစည်သူဈေး၊ ဘုန်းစဉ်အခွန်လွတ်ဈေးနှင့်လမ်းဆုံများတွင် ပလတ်စတစ်အစားထိုးအိတ်များ၊ ပလတ်စတစ်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ညောင်ဦးမြို့ မဏိစည်သူဈေး၊ဘုန်းစဉ်အခွန်လွတ်ဈေးနှင့်လေဆိပ်လမ်းဆုံ၊ မဏိစည်သူဈေးလမ်းဆုံ၊ ဘုရားနီလမ်းဆုံနေရာတို့တွင် ပလတ်စတစ်သုံးစွဲမှုအဆုံးသတ်ရေး၊ ပြည်သူအားလုံးပါဝင်ရေး ပညာပေးလက်ကမ်းစာစောင်များ၊ ပလတ်စတစ်အစားထိုးအိတ်များကို လမ်းသွားလမ်းလာများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

# သမိုင်း၏ အမှန်တရားဘက်နှင့် တရားမျှတသောဘက်တွင် ရပ်တည်ခြင်း

မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ သံမှူး Mr. Ouyang Daobing

**၂၀၂၅ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုသည် "အပြန်အလှန်အခွန်ကောက်ခြင်း" (Reciprocal tariff)ကို ထုတ်ပြန်ခဲ့ပြီး တရုတ်နိုင်ငံ အပါအဝင် ကမ္ဘာ့ကုန်သွယ်ဖက်နိုင်ငံများအပေါ် မတူညီသော အချိုးအစားဖြင့် အကောက်ခွန်များ သတ်မှတ်ခဲ့သည့်အပြင် "မတ်လ ၂၈ ရက်နေ့" မဲန္တလေးငလျင်ကြီး၏ သက်ရောက်မှုကိုပင် ထောက်ထားညှာတာမှုမရှိဘဲ မြန်မာနိုင်ငံအား ၄၄ ရာခိုင်နှုန်းအထိ မြင့်မားသောအကောက်ခွန်များ စည်းကြပ်ခဲ့သဖြင့် အထည်အလိပ်၊ အဝတ်အစား၊ စိုက်ပျိုးရေး၊ သစ်သား၊ သတ္တု အစရှိသော ကဏ္ဍများအပေါ် သက်ရောက်ခဲ့သည်။**

ဤလုပ်ရပ်သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး စည်းမျဉ်းများကို ပြင်းထန်စွာ ချိုးဖောက်ခြင်း၊ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ထိခိုက်စေခြင်းနှင့် ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုကို ပြင်းထန်စွာရိုက်ခတ်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ကျယ်ပြန့်သော ကန့်ကွက်မှုများကြောင့် အမေရိကန်သည် အချို့သော ကုန်သွယ်ဖက်နိုင်ငံများအား အကောက်ခွန်များ ယာယီရွှေ့ဆိုင်းခြင်း၊ အချို့သော ကုန်ပစ္စည်းများကို "အပြန်အလှန် အခွန်ကောက်ခြင်း"မှ ကင်းလွတ်ခွင့်ပြုကြောင်း ရှေ့ဆင့်နောက်ဆင့် ကြေညာခဲ့သည်။

မေလ ၈ ရက်နေ့တွင် ဗြိတိန်နှင့် အမေရိကန်တို့သည် သဘောတူညီမှုတစ်ရပ်ရရှိခဲ့ပြီး အချို့သော ကဏ္ဍများတွင် အကောက်ခွန်များ ရုပ်သိမ်းခဲ့သည်။ မေလ ၁၂ ရက်နေ့တွင် တရုတ်နိုင်ငံနှင့် အမေရိကန်တို့သည် ဂျီနီဗာစီးပွားရေးနှင့်ကုန်သွယ်ရေး တွေ့ဆုံဆွေးနွေးပွဲ၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး နှစ်နိုင်ငံကြား အကောက်ခွန်များကို သိသာထင်ရှားစွာလျှော့ချခဲ့သည်။ အမေရိကန်သည် ကမ္ဘာတစ်ဝန်းသို့ စတင်လိုက်သော အကောက်ခွန်စစ်ပွဲ၏ အဓိပ္ပာယ်ဟာ ဘာဖြစ်မလဲ။ ကျွန်တော့်၏ ထင်မြင်ချက်ကို ဆွေးနွေးမျှဝေချင်ပါသည်။

**၁။ "အပြန်အလှန်အခွန်ကောက်ခြင်း" ဆိုသည်မှာ အဘယ်နည်း**

အမေရိကန်သည် ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချရန်၊ အစိုးရ၏ဘဏ္ဍာရေးဝင်ငွေကို တိုးမြှင့်ရန်၊ အမေရိကန်လုပ်ငန်းများကို ကာကွယ်ရန်နှင့် "ထုတ်လုပ်မှုလုပ်ငန်းများ နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိရန်"ဟူသော ရည်ရွယ်ချက်ဖြင့် "အပြန်အလှန် အခွန်ကောက်ခြင်း"ကို ဆောင်ရွက်ခြင်းဖြစ်သည်ဟု အကြိမ်ကြိမ်ကြေညာခဲ့ပါသည်။ အဆိုပါ လုပ်ရပ်များသည် တရားမျှတပြီး ကျိုးကြောင်းဆီလျော်သည်ဟု ထင်မြင်ရသော်လည်း အမှန်တကယ်တွင် စီးပွားရေးနိယာမများနှင့် ကုန်သွယ်ရေးဆိုင်ရာ အသိပညာအခြေခံများကို ဆန့်ကျင်နေပြီး ဤသည်မှာ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အနိုင်ကျင့်ခြင်း၏ လုပ်ရပ်ဖြစ်သည်။

အမေရိကန်သည် "တန်းတူညီမျှမှု"နှင့် "တရားမျှတမှု"ဆိုသည့် အကြောင်းပြချက်များဖြင့် ကုန်သွယ်ခွန်များ တိုးမြှင့်ကာ အမှန်တကယ်မှာ "အမေရိကန်ဦးစားပေး"ဝါဒကို ကျင့်သုံးလျက် "အမေရိကန်အထူး"အခွင့်အရေးကို လိုက်စားနေခြင်းဖြစ်သည်။ အမေရိကန်သည် "လိုသုံး မလိုစွန့်" ဟူသော ပေါ့ပေါ့တန်တန် သဘောထားဖြင့် ၎င်းကိုယ်တိုင်တည်ဆောက်ခဲ့သော စစ်ပြီးခေတ် ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းစနစ်ကို ဖျက်သိမ်းရန် ရည်ရွယ်ကြံဆနေခြင်းဖြစ်သည်။

"အပြန်အလှန်အခွန်ကောက်ခြင်း"၏ အဓိက အခြေခံသည့် ကုန်သွယ်ရေးလိုငွေပြမှုကို "အခြားနိုင်ငံများမှ အမေရိကန်အား အမြတ်ထုတ်ခြင်း"ဟု မှတ်ယူကာ "အမေရိကန်နစ်နာမှု"ကို ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်ချိခြင်းဖြစ်သောကြောင့် အမှန်တရားနှင့် လုံးဝကိုက်ညီမှုမရှိပေ။ ပထမအချက်၊ အမေရိကန်သည် နစ်နာခြင်းမရှိသည့်အပြင် လက်ရှိနိုင်ငံတကာ ကုန်သွယ်ရေးစနစ်၏ အဓိကအကျိုးကျေးဇူးခံစားရသူဖြစ်သည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီ ၅၀၀ တွင် အမေရိကန်မှ ကုမ္ပဏီပေါင်း ၁၃၉ ခုပါဝင်နေပြီး အရေအတွက်အားဖြင့် ပထမနေရာတွင် ရပ်တည်နေသည်။

ဒုတိယအချက်၊ အမေရိကန်၏ ကုန်သွယ်ရေးလိုငွေပြမှုသည် ဈေးကွက်၏ စုပေါင်းသက်ရောက်မှုကြောင့်ဖြစ်ပြီး စီးပွားရေးဖွဲ့စည်းပုံ၊ နိုင်ငံတကာ အလုပ်ခွဲဝေမှုနှင့် အမေရိကန်ဒေါ်လာ၏ ငွေကြေးဆိုင်ရာ အခန်းကဏ္ဍ စသည့်အကြောင်းရင်းများ၏ သက်ရောက်မှုကြောင့်ဖြစ်သည်။ ထို့အပြင် ကုန်သွယ်ရေး၏ သဘောသဘာဝသည် အပြန်အလှန်အကျိုးကျေးဇူးရရှိရန်ဖြစ်ပြီး ကုန်သွယ်ရေး လိုငွေပြမှုသည် ကုန်သွယ်ရေးနစ်နာမှုနှင့် မတူညီပါ။ တတိယအချက်၊ အမေရိကန်သည် ဝန်ဆောင်မှု ကုန်သွယ်ရေးတွင် အမြဲတမ်းအပိုငွေရှိပြီး ၂၀၂၄ ခုနှစ်တွင် အပိုငွေပမာဏမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ခန့်ရှိသည်။ အမေရိကန်သည် ကုန်သွယ်ရေးလိုငွေပြမှုကိုသာ ပြောဆိုပြီး ဝန်ဆောင်မှု ကုန်သွယ်ရေးတွင် အပိုငွေရှိကြောင်းကို လုံးဝဖော်ပြခြင်းမရှိကြောင်း တွေ့ရသည်။ ဤသည်မှာ အမေရိကန်၏ ဘက်စုံမကြည့်ခြင်း၊ တစ်ဖက်စောင်းနင်းသာ ကြည့်ခြင်းပင်ဖြစ်သည်။

"အပြန်အလှန် အခွန်ကောက်ခြင်း"သည် ကမ္ဘာ့စီးပွားရေး ပြန်လည်ထူထောင်ရေးကို ထိခိုက်စေပြီး အမေရိကန်ကိုယ်တိုင်လည်း နစ်နာစေသည်။ "အပြန်အလှန် အခွန်ကောက်ခြင်း"အား အကောင်အထည်ဖော်ပြီးနောက် ကမ္ဘာ့ဈေးကွက်များ လျင်မြန်ကြီးမားသည့် လှုပ်ခတ်မှုဖြစ်ပေါ်ကာ အဓိက စတော့ဈေးကွက်အညွှန်းများ ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာနှင့် အမေရိကန်နိုင်ငံကြွေးမြီ ညွှန်းကိန်းများ ဆက်လက်အားနည်းခဲ့သည်။ အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် ဧပြီလ ၃၀ ရက်၏ ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် အမေရိကန်၏ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်ကုန်(GDP)သည် ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂၀၂၂ ခုနှစ်နောက်ပိုင်း အမေရိကန်စီးပွားရေး၏ အဆိုးရွားဆုံးသော သုံးလပတ်အဖြစ် မှတ်တမ်းတင်ခဲ့သည်။

The Budget Lab at Yale ၏ ခန့်မှန်းချက်အရ အကောက်ခွန်များ တိုးမြှင့်ခြင်းသည် သာမန်အမေရိကန်မိသားစုတစ်စုစီအား တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ ကျော် ဆုံးရှုံးစေမည်ဖြစ်ပြီး အမေရိကန်လုပ်ငန်းများအား တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံကျော် အပိုကုန်ကျစေမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)က အမေရိကန်၏ အကောက်ခွန်ဆိုင်ရာ အစီအမံများသည် ကမ္ဘာ့စီးပွားရေးအား ကြီးမားသော ဆိုးကျိုးသက်ရောက်မှုတစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းခန့်မှန်းချက်ကို ဇန်နဝါရီလက ၃ ဒသမ ၃ ရာခိုင်နှုန်းမှ ဧပြီလတွင် ၂ ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့ချခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ နောက်ဆုံးထုတ်ပြန်ချက်အရ အမေရိကန်၏ အကောက်ခွန်မူဝါဒများကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအလားအလာများ ရုတ်တရက် ဆိုးရွားလာခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုပမာဏသည် သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

အမေရိကန်အစိုးရ၏ ဇွတ်အတင်းလုပ်ဆောင်မှုသည် ပြည်တွင်းတွင် ကြီးမားသော ကန့်ကွက်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ နေရာဒေသအများအပြားရှိ ပြည်သူများသည် အစိုးရအား အကောက်ခွန်တိုးမြှင့်မှုကို ဆန္ဒပြရန် လမ်းများပေါ်သို့ ထွက်လာခဲ့ကြပြီး ကယ်လီဖိုးနီးယားပြည်နယ်၊ အော်ရီဂွန်ပြည်နယ်အပါအဝင် ပြည်နယ် ၁၃ ခုသည် ဖက်ဒရယ်အစိုးရအား တရားစွဲဆိုခဲ့ကြသည်။ အမေရိကန်၏ အဆင့်မြင့်စီးပွားရေးပညာရှင်များနှင့် အစိုးရအကြံပေး(ဟောင်း) များက "အကောက်ခွန်ဆန့်ကျင်ရေး ကြေညာချက်"ကို ထုတ်ပြန်ခဲ့ကြပြီး နာမည်ကျော်ကြားသော လူပုဂ္ဂိုလ် ၁၀၀၀ ကျော်က လက်မှတ်ရေးထိုးထောက်ခံခဲ့ကြသည်။ အမေရိကန်၏ ဘဏ္ဍာရေးဝန်ကြီး(ဟောင်း) လော်ရင့်စ်ဆမ်းမား (Lawrence Summers) က အမေရိကန်၏ အဆိုပါလုပ်ရပ်သည် ၎င်း၏သမိုင်းတွင် မိမိနိုင်ငံစီးပွားရေးအား မိမိကိုယ်ကို ပြန်လည်ထိခိုက်နစ်နာစေသည့် အကြီးမားဆုံးသော လုပ်ရပ်ဖြစ်ကြောင်း ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

**၂။ တရုတ်နိုင်ငံက အဘယ်ကြောင့် တန်ပြန်အရေးယူသနည်း**

ဧပြီလ၌ အမေရိကန်နိုင်ငံသည် ရှေ့ဆက်နောက်ဆက် တရုတ်နိုင်ငံအပေါ် အပြန်အလှန်အခွန်ကောက်ခြင်းကို ၃၄ ရာခိုင်နှုန်း၊ ၈၄ ရာခိုင်နှုန်းနှင့် ၁၂၅ ရာခိုင်နှုန်းအထိ သုံးကြိမ်တိုးမြှင့်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံသည် ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ကျိုးကြောင်းဆီလျော်သော တန်ပြန်မှုပြုလုပ်ကာ အမေရိကန်ကုန်ပစ္စည်းများအပေါ် တူညီသောအချိုးအစားကို သုံးကြိမ်တိုင် အခွန်တိုးမြှင့်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားမှုဖြေရှင်းရေးယန္တရား(Dispute settlement) တွင် တရားစွဲဆိုခြင်းနှင့် Middle rare-earth elements ဆိုင်ရာ ပို့ကုန်ထိန်းချုပ်မှုများ စသည့် အစီအမံများစွာကို လုပ်ဆောင်ခဲ့သည်။

> ❛ ကမ္ဘာ့အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဂုဏ်သိက္ခာရှိသည့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုရှိသော နိုင်ငံကြီးအနေဖြင့် တရုတ်နိုင်ငံ၏ တန်ပြန်ဆောင်ရွက်မှုများသည် မိမိနိုင်ငံ၏ တရားဝင်အခွင့်အရေးဖြင့် မိမိအကျိုးစီးပွားများကို ကာကွယ်ရန်သာမက ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတကာ၏ ဖြောင့်မှန်သော တရားမျှတမှုကို ကာကွယ်ရန်လည်း ဖြစ်ပါသည်။ ကုလသမဂ္ဂ၏အခွင့်အာဏာကို ခိုင်မာစွာထိန်းသိမ်းခြင်း၊ ကုလသမဂ္ဂကိုဗဟိုပြုသော နိုင်ငံတကာစနစ် (International System) နိုင်ငံတကာဥပဒေအပေါ်အခြေခံထားသော နိုင်ငံတကာစည်းမျဉ်းစည်းကမ်း (International order)၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမှုများအပေါ် အခြေခံထားသော နိုင်ငံတကာဆက်ဆံရေး အခြေခံစံနှုန်းများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်သာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းခြင်းနှင့် ဘုံဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ခြင်း၏ ရှေ့ဦးလိုအပ်ချက်နှင့် အာမခံချက်ပင်ဖြစ် ❜



စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

**❛ယခုနှစ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့် နှစ်ပတ်လည်ဖြစ်သည်။ နှစ်နိုင်ငံကြား ချစ်ခင်ရင်းနှီးမှု၊ ရိုးသားမှု၊ အပြန်အလှန်အကျိုးရှိမှု၊ အားလုံးပါဝင်မှု၊ မျှဝေအနာဂတ်၊ အေးအတူပူအမျှဆိုသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးအယူအဆကို ဆက်လက်ကိုင်စွဲထားပြီး မြန်မာနိုင်ငံနှင့် သာအတူနာအတူ၊ အပြန်အလှန်ဖေးမကူညီကာ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ပူးပေါင်းထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။ ထို့ပြင် တစ်ဖက်သတ်ဝါဒနှင့် ကုန်သွယ်ရေးအနိုင်ကျင့်မှုများကို အတူတကွ တွန်းလှန်ကာ ပိုမိုကောင်းမွန်သော အနာဂတ်ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်မှု၊ တံခါးဖွင့်လှစ်မှုနှင့် ပါဝင်ထိုက်သူအားလုံးပါဝင်နိုင်မှုတို့ကို ဖန်တီးရန် အတူတကွဆက်လက်ဆောင်ရွက်သွားမည်❜**

ကမ္ဘာ့အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဂုဏ်သိက္ခာရှိသည့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုရှိသော နိုင်ငံကြီးအနေဖြင့် တရုတ်နိုင်ငံ၏ တန်ပြန်ဆောင်ရွက်မှုများသည် မိမိနိုင်ငံ၏ တရားဝင်အခွင့်အရေးဖြင့် မိမိအကျိုးစီးပွားများကို ကာကွယ်ရန်သာမက ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတကာ၏ ဖြောင့်မှန်သော တရားမျှတမှုကို ကာကွယ်ရန်လည်း ဖြစ်ပါသည်။ ကုလသမဂ္ဂ၏ အခွင့်အာဏာကို ခိုင်မာစွာထိန်းသိမ်းခြင်း၊ ကုလသမဂ္ဂကို ဗဟိုပြုသော နိုင်ငံတကာစနစ် (International System)၊ နိုင်ငံတကာဥပဒေအပေါ် အခြေခံထားသော နိုင်ငံတကာစည်းမျဉ်းစည်းကမ်း (International order)၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများအပေါ် အခြေခံထားသော နိုင်ငံတကာဆက်ဆံရေး အခြေခံစံနှုန်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်သာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းခြင်းနှင့် ဘုံဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ခြင်း၏ ရှေးဦးလိုအပ်ချက်နှင့် အာမခံချက်ပင်ဖြစ်ပါသည်။

အမေရိကန်သည် ၂၀၁၈ ခုနှစ်ကတည်းက တရုတ်နှင့် ကုန်သွယ်ရေးစစ်ပွဲကို စတင်ခဲ့သည်နှင့် အမျှ တရုတ်နိုင်ငံ၏စီးပွားရေးသည် “ဖိအားအောက်တွင် ပိုမိုအားကောင်းလာသည်” ဟူသောအချက်မှာ ပိုမိုထင်ရှားပေါ်လွင်လာခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် နံပါတ်တစ် နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး နိုင်ငံနှင့် ဒေသပေါင်း ၁၅၀ ကျော်၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့သည်။ နိုင်ငံနှင့်ဒေသပေါင်း ၃၀ နှင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှုစာချုပ် ၂၂ ခုကို လက်မှတ်ရေးထိုးခဲ့ပြီး ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် ၃၀ ရာခိုင်နှုန်းကို အကျိုးထမ်းဆောင်ခဲ့သည်။ တရုတ်နိုင်ငံသည် အမြဲတစေ ရင်းနှီးမြှုပ်နှံမှု၏ မြေဩဇာထက်သန်သော မြေဆီလွှာဖြစ်ပြီး ယုံကြည်စိတ်ချရသော ကုန်သွယ်ဖက်ဖြစ်ကာ အပြင်လောက၏ အနှောင့်အယှက်ကို အရေးမထားခြင်း၊ ခြိမ်းခြောက်မှုနှင့်အကျပ်ကိုင်မှုကို မကြောက်ခြင်း၊ စည်းချက်နှောင့်ယှက်မှုများ မခံခြင်းဖြင့် ကျွန်တော်တို့သည် မိမိတို့၏ ကိုယ်ပိုင်ရေးရာများကို ဆက်လက်အာရုံစိုက်မည်ဖြစ်ပြီး ကမ္ဘာကြီးကို သေချာမှု၊ အနာဂတ်နှင့် အခွင့်အလမ်းများစွာကို လက်တွေ့ကျသော လုပ်ဆောင်ချက်များမှတစ်ဆင့် အားပေးသွားမည်ဖြစ်သည်။

**၃။ ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကဘယ်ကို ဦးတည်နေသနည်း**

ဒုတိယကမ္ဘာစစ်အပြီးတွင် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းသည် အရင်းအနှီး၊ သတင်းအချက်အလက်၊ နည်းပညာ၊ လုပ်အားနှင့် စီမံခန့်ခွဲမှုစသည့် ထုတ်လုပ်မှုဆိုင်ရာ အချက်များကို ပြောင်းလဲပြင်ဆင်ပေးရာမှ နိုင်ငံများ အပြန်အလှန်မှီခိုကာ နီးနီးကပ်ကပ်ချိတ်ဆက်နေသည့် ကမ္ဘာ့စီးပွားရေးဖွဲ့စည်းပုံတစ်ခု ဖြစ်လာခဲ့သည်။ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ (UNCTAD) မှ ထုတ်ပြန်သည့် နောက်ဆုံးအစီရင်ခံစာအရ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၃ ထရီလီယံအထိ စံချိန်တင်မြင့်မားလာခဲ့သည်။ ယင်းက စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းသည် လူအင်အားဖြင့် ကြံစည်ဖန်တီးထားခြင်း မဟုတ်သောကြောင့် အချို့သောနိုင်ငံများ၏ဆန္ဒအရ ဆန့်ကျင်ဘက်သို့ ဦးတည်ပြောင်းလဲသွားမည်မဟုတ်ကြောင်း အပြည့်အဝပြသနေပါသည်။

မည်သည့်နိုင်ငံမဆို “မိမိနိုင်ငံကို ဦးစားပေးခြင်း”ကို လုပ်ဆောင်ခြင်းသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံး၏ တရားဝင်အကျိုးစီးပွားကို အရင်းခံ၍ မိမိနိုင်ငံ၏ ဗိုလ်ကျလွှမ်းမိုးမှု(Hegemony) အကျိုးစီးပွားကို အကျိုးပြုစေသော တစ်ဖက်သတ်ဝါဒ (Unilateralism) လုပ်ရပ်ဖြစ်၍ ၎င်းသည် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်း၏ သမိုင်းလမ်းကြောင်းနှင့် ဆန့်ကျင်နေပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ ဆန့်ကျင်မှုများကို ဆက်လက်ခံရလိမ့်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာကြီးသည် ရာစုနှစ်တစ်ခုအတွင်း မကြုံခဲ့ဖူးသည့် ကြီးမားသော အပြောင်းအလဲတစ်ခုဖြစ်ပွားနေသည်။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးစသည့်နယ်ပယ်၏ မညီမျှမှုများကို ရင်ဆိုင်နေရပြီး ဤမညီမျှမှု အကျပ်အတည်းများကို ရင်ဆိုင်ရာတွင် ကျွန်တော်တို့ အားလုံးသည် မျက်လုံးများကိုဖွင့်ကာ မည်သူက ဖျက်ဆီးနေသနည်း၊ မည်သူက တည်ဆောက်နေသနည်းကို ကြည့်ရှုရန် လိုအပ်ပါသည်။ ကမ္ဘာကြီးသည် အတားအဆီးများမဟုတ်ဘဲ ပွင့်လင်းခြင်း၊ လွှမ်းမိုးမှုမဟုတ်ဘဲ တရားမျှတမှု၊ ထိပ်တိုက်ရင်ဆိုင်ခြင်းမဟုတ်ဘဲ စည်းလုံးညီညွတ်မှုစသည်တို့ လိုအပ်ပါသည်။ နိုင်ငံအားလုံးသည် နိုင်ငံကြီးငယ်မရွေး၊ အင်အားကြီးငယ်မဟူ၊ ဆင်းရဲချမ်းသာမခွဲခြားဘဲ နိုင်ငံတကာအသိုက်အဝန်းတွင် တန်းတူညီတူသော အဖွဲ့ဝင်များဖြစ်သင့်သည်။

နိုင်ငံများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်မှုကို ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းသင့်ပြီး မိမိနိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားနှင့် နိုင်ငံအသီးသီး၏ အကျိုးစီးပွားကို ပေါင်းစပ်ကာ တန်းတူညီတူ စည်းစနစ်ကျသော ဗဟုဝင်ရိုးကမ္ဘာကြီးနှင့် ကျယ်ကျယ်ပြန့်ပြန့်အကျိုးပြုသော ပါဝင်ထိုက်သူအားလုံးပါဝင်သည့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို အတူအဆိုပြုကြပြီး မောက်မာထောင်လွှားသော လွှမ်းမိုးရေးဝါဒ (Hegemonism)၊ အင်အားကြီးသူက အင်အားငယ်သူကိုအနိုင်ကျင့်သော တောရိုင်းဥပဒေသ (The Law of the Jungle) ကို ဆန့်ကျင်ကြရမည်ဖြစ်သည်။ ဤနည်းဖြင့်သာလျှင် ကျွန်တော်တို့သည် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးနှင့် စီးပွားရေးစည်းစနစ်များကို ပိုမိုတရားမျှတပြီး ကျိုးကြောင်းဆီလျော်သော ဦးတည်ရာသို့ ခရီးဆက်နိုင်မည်ဖြစ်သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီရို ဂူတာရက်စ်က **“ကုန်သွယ်ရေးစစ်ပွဲရဲ့ သက်ရောက်မှုက အလွန်အပျက်သဘောဆောင်ပါတယ်။ ဘယ်သူမှ အနိုင်ရမှာ မဟုတ်ဘူး၊ အားလုံးက အရှုံးသမားဖြစ်လိမ့်မယ်”**လို့ ပြောကြားခဲ့ပါသည်။ အရေးကြီးသော အခိုက်အတန့်တွင် ဂျီနီဗာမြို့၌ တရုတ်-အမေရိကန်စီးပွားရေးနှင့် ကုန်သွယ်ရေးဆွေးနွေးပွဲသည် သိသာထင်ရှားသော တိုးတက်မှုရရှိခဲ့၍ အမေရိကန်သည် ၎င်း၏ တိုးကောက်သောအကောက်ခွန်ပေါင်း ၉၁ ရာခိုင်နှုန်းကို ပယ်ဖျက်ခဲ့ပြီး တရုတ်နိုင်ငံသည် လက်တုံ့ပြန်အကောက်ခွန် ၉၁ ရာခိုင်နှုန်းကို ရုပ်သိမ်းခဲ့သလို အမေရိကန်က အပြန်အလှန်အကောက်ခွန် ၂၄ ရာခိုင်နှုန်း အကောင်အထည်ဖော်မှုကို ဆိုင်းငံ့ထားပြီး တရုတ်နိုင်ငံကလည်း လက်တုံ့ပြန်အကောက်ခွန် ၂၄ ရာခိုင်နှုန်း အကောင်အထည်ဖော်မှုကို ဆိုင်းငံ့ထားပါသည်။

ဆွေးနွေးပွဲ၏ ပူးတွဲကြေညာချက်ထုတ်ပြန်ပြီးနောက် ကမ္ဘာ့ဈေးကွက်များသည် ယေဘုယျအားဖြင့် တိုးတက်မှုရှိနေပြီး နိုင်ငံအများအပြား၏ စတော့ဈေးကွက်များသည် “အပြန်အလှန်အခွန်ကောက်ခြင်း”ကို အကောင်အထည်မဖော်မီအဆင့်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။ ယင်းသည် သင်၏ကိုယ်ပိုင်တံခါးကို ပိတ်ခြင်းသည် သင့်အား ပိုမိုအားကောင်းစေမည် မဟုတ်ကြောင်း၊ အခြားသူများ၏ လမ်းကြောင်းများကို ပိတ်ဆို့ခြင်းသည် သင့်အား ပိုမိုတိုးတက်စေမည်မဟုတ်ကြောင်း၊ အကောက်ခွန်စစ်ပွဲများနှင့် ကုန်သွယ်ရေးစစ်ပွဲများသည် လူကြိုက်များခြင်းမရှိကြောင်းကို တစ်ဖန်ရှင်းလင်းစွာ ပြသနေပါသည်။

တရုတ်-အမေရိကန် ဂျီနီဗာစီးပွားရေးနှင့် ကုန်သွယ်ရေး တွေ့ဆုံဆွေးနွေးပွဲသည် တန်းတူညီမျှဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် မတူညီမှုများကို ဖြေရှင်းရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ကို လှမ်းခဲ့သော်လည်း ပြဿနာ၏အရင်းအမြစ်ကို ဖြေရှင်းရန် အမေရိကန်ပြည်ထောင်စုသည် တစ်ဖက်သတ် အကောက်ခွန်တိုးမြှင့်ခြင်းဆိုင်ရာ မှားယွင်းသောလုပ်ဆောင်မှုကို အသေအချာပြုပြင်ရန်လိုအပ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ မျှတသော ထောက်ခံမှုလည်း လိုအပ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးမှ ပြည်သူများသည် သမိုင်း၏ အမှန်တရားဘက်နှင့် တရားမျှတသောဘက်တွင်သာ ရပ်တည်ရန် ရွေးချယ်ကြမည်ဟု ကျွန်တော်တို့ အခိုင်အမာယုံကြည်ပါသည်။

ယခုနှစ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့် နှစ်ပတ်လည်ဖြစ်သည်။ နှစ်နိုင်ငံကြား ချစ်ခင်ရင်းနှီးမှု၊ ရိုးသားမှု၊ အပြန်အလှန်အကျိုးရှိမှု၊ အားလုံးပါဝင်မှု၊ မျှဝေအနာဂတ်၊ အေးအတူပူအမျှဆိုသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးအယူအဆကို ဆက်လက်ကိုင်စွဲထားပြီး မြန်မာနိုင်ငံနှင့် သာအတူနာအတူ၊ အပြန်အလှန်ဖေးမကူညီကာ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ပူးပေါင်းထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။ ထို့ပြင် တစ်ဖက်သတ်ဝါဒနှင့် ကုန်သွယ်ရေးအနိုင်ကျင့်မှုများကို အတူတကွ တွန်းလှန်ကာ ပိုမိုကောင်းမွန်သော အနာဂတ်ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်မှု၊ တံခါးဖွင့်လှစ်မှုနှင့် ပါဝင်ထိုက်သူအားလုံးပါဝင်နိုင်မှုတို့ကို ဖန်တီးရန် အတူတကွဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ။

*(ဆောင်းပါးပါ ဖော်ပြချက်များသည် ဆောင်းပါးရှင်၏ အာဘော်များသာ ဖြစ်ပါသည်။)*

# ကချင်ပြည်နယ် နောင်မွန်းမြို့နယ် နောင်မွန်း-ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး)ကြိုးတံတားပျက်စီးခဲ့မှုအား ပြန်လည်ပြုပြင်ပြီးစီး၊ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်များ ပို့ဆောင်

**နေပြည်တော် ဇွန် ၅**

ကချင်ပြည်နယ် အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နောင်မွန်းမြို့နယ် နောင်မွန်း-ပန်နန်းဒင်သွား မေခမြစ်ကူး (လူကူး) ကြိုးတံတား အရှည်ပေ ၃၄၀၊ အကျယ် ခြောက်ပေသည် မေ ၃၁ ရက်တွင် မေခမြစ်ရေအဆမတန် မြင့်တက်မှုကြောင့် မြစ်အတွင်း မျောပါသွားခဲ့သည်။ အဆိုပါ ပန်နန်းဒင် မေခမြစ်ကူး (လူကူး) ကြိုးတံတား ပျက်စီးခဲ့မှုအား ဌာနဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြန်လည်ဆောက်လုပ်ခဲ့ရာ ဇွန် ၄ ရက်တွင် ဆောက်လုပ်ပြီးစီး၍ ဒေသခံပြည်သူများ ဖြတ်သန်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် နောင်မွန်းမြို့နယ်အတွင်းရှိ ပန်နန်းဒင်မြို့နှင့် ထလာထုကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ကုန်များ တင်ဆောင်ထားသည့် ယာဉ် ငါးစီးကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါယာဉ်များသည် ယနေ့နံနက်ပိုင်းတွင် ရေဘေးသင့် ပြည်သူများထံသို့ ပို့ဆောင်ရန် ပူတာအိုမြို့မှ စတင်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့်ယာဉ်များ ပူတာအိုမြို့မှ စတင်ထွက်ခွာစဉ်။

# တရုတ်-အာဆီယံ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆို

ရန်ကုန် ဇွန် ၅

တရုတ်နိုင်ငံ၌ ဇွန် ၁ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် တရုတ်-အာဆီယံ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းသည် အသင်းခေါင်းဆောင် တစ်ဦး၊ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခြောက်ဦး၊ အုပ်ချုပ်သူ နှစ်ဦးနှင့် နည်းပြနှစ်ဦး စုစုပေါင်း ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းက ရွှေတံဆိပ်နှစ်ခုနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ကာ ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ မြန်မာ့လက်ရွေးစင်အသင်းအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

တရုတ်-အာဆီယံ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့ပါဝင်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းက သုံးယောက်တွဲနှင့် လေးယောက်တွဲပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခုစီနှင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက သုံးယောက်တွဲနှင့် လေးယောက်တွဲပြိုင်ပွဲ၌ ကြေးတံဆိပ်တစ်ခုစီ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)





# တရုတ်-မြန်မာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက်ကို လှိုက်လှိုက်လှဲလှဲဂုဏ်ပြုခြင်းနှင့် ယဉ်ကျေးမှုဆွေးနွေးပွဲ နိုင်ငံတကာနေ့ အထိမ်းအမှတ်အစီအစဉ် ကျင်းပ

ရန်ကုန် ဇွန် ၅

တရုတ်-မြန်မာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက်ကို လှိုက်လှိုက်လှဲလှဲဂုဏ်ပြုခြင်းနှင့် ယဉ်ကျေးမှုဆွေးနွေးပွဲ နိုင်ငံတကာနေ့ အထိမ်းအမှတ်အစီအစဉ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Hotel Ru Yi ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mrs.Ma Jia၊ ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းဥက္ကဋ္ဌဟောင်း ဒေါ်သန်းသန်းနု၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦး၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေး အဖွဲ့ဥက္ကဋ္ဌ ဦးသန်းကျော်၊ မြန်မာနိုင်ငံဂီတအစည်း အရုံးဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ သဘင်အစည်း အရုံးဥက္ကဋ္ဌ ဦးဖိုးချစ်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံမှ အနုပညာအဖွဲ့များက ယဉ်ကျေးမှုအနုပညာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ CITIC Star ဇာတ်လမ်းတိုပြိုင်ပွဲ၏ ဆုရလက်ရာများကိုပြသပြီး ယင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး တရုတ်-မြန်မာသီချင်းများ ပေါင်းစပ်ဖျော်ဖြေမှု ဒဏ္ဍာရီပုံပြင် အစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

ကိုထက်

# ဒေသဆိုင်ရာအစိုးရများနှင့် မိတ်ဖက်မြို့များ ပူးပေါင်းဆောင်ရွက်ရေး ဟွမ်ရှန်းဖိုရမ် ကျင်းပ

ဟွမ်ရှန်း ဇွန် ၅

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership–RCEP) ၏ ၂၀၂၅ ခုနှစ် ဒေသဆိုင်ရာ အစိုးရများနှင့် မိတ်ဖက်မြို့ပြများပူးပေါင်းဆောင်ရွက်ရေး ဟွမ်ရှန်းဖိုရမ် (2025 RCEP Local Governments and Friendship Cities Coopreation Huangshan Forum)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းဟွေးပြည်နယ် ဟွမ်ရှန်းမြို့၌ ဇွန် ၄ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိသည်။

“ဒေသဆိုင်ရာ မိတ်ဖက်ပြုမှုဖြင့် ဘုံဖွံ့ဖြိုးရေး” ဆိုသည့်ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ဟွမ်ရှန်းဖိုရမ်တွင် RCEP အဖွဲ့ဝင်နိုင်ငံများအကြား လျှပ်စစ်ကား EV၊ စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ၊ အဖွဲ့ဝင်နိုင်ငံများနှင့် Yangtze River Delta လူငယ်စီးပွားရေး လုပ်ငန်းရှင်များဆွေးနွေးပွဲ၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများကို ကျင်းပသွားမည့်အပြင် “၂၀၂၅ ခုနှစ် RCEP ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာ”ထုတ်ပြန်ခြင်း၊ RCEP ကမ္ဘာ့အမွေအနှစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် ထူထောင်ရန် အဆိုပြုခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များ၊ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များ၊ ညီအစ်မမြို့ပြများ ဖွဲ့စည်းခြင်းဆိုင်ရာ လက်မှတ်ရေးထိုးပွဲများနှင့် ဒေသဆိုင်ရာ ထုတ်ကုန်ပြပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

RCEP သည် ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်တစ်ခုဖြစ်ပြီး လူဦးရေအများဆုံး၊ ကုန်သွယ်မှုပမာဏနှင့် အကြီးမားဆုံး တိုးတက်မှုအလားအလာတို့ကို လွှမ်းခြုံထားသည့် စီးပွားရေးအသိုက်အဝန်းတစ်ခုဖြစ်သည်။

ဟွမ်ရှန်းဖိုရမ်သည် ဒေသဆိုင်ရာစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် တရုတ်နိုင်ငံက ဦးဆောင်ကျင်းပသည့် ဆွေးနွေးပွဲဖြစ်ပြီး RCEP အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ဒေသတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **လင်းလင်း**



# တောင်တွင်းကြီးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

တောင်တွင်းကြီး ဇွန် ၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်နိုင်စိုးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ၏ ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ ဓာတုနည်း၊ ဇီဝနည်း၊ ခြင်ပေါက်နေရာရှင်းလင်းနည်းတို့ဖြင့် ဆောင်ရွက်ရမည့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ်၊ မြှုပ်လုပ်ငန်းများအကြောင်း၊ အိမ်ကိုသန့်ရှင်းသပ်ရပ်စွာ လေဝင်လေထွက်ကောင်းစွာဆောင်ရွက်ရမည်များ၊ ချုံပုတ်၊ မြက်ပင်၊ ပေါင်းပင်များ ရှင်းလင်းရေးလုပ်ငန်းများ၊ ရေပမာဏများသည့်ကန်များတွင် လောက်လမ်းစားငါးထည့်ခြင်းများ၊ တစ်ကိုယ်ရေကာကွယ်သည့်နည်းလမ်းဖြစ်သည့် ဘာကြောင့်အိပ်အိပ် ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ရန်နှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများအကြောင်း တို့ကို အသိပညာပေးဟောပြောခဲ့ပြီး “သွေးလွန်တုပ်ကွေးတိုက်ဖျက်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး” အသိပညာပေး လက်ကမ်းစာစောင်များအား ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ အုတ်ရေကန်များအတွင်း ခြင်ပေါက်ပွားမှုကင်းဝေးစေရန် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ရေးမှူး ဦးအောင်ခိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လက်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြု လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

* လက်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  (က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊
  (ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှု ခံယူခြင်း။
* တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊
* ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကျိုက်လတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ကျိုက်လတ် ဇွန် ၅**

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံပြီးစီးမှုအခြေအနေများ၊ စာသင်ကြားနေမှု အခြေအနေများ၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှုများနှင့် ကျောင်းလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျောင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကာ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကျိုက်လတ်မြို့နယ်ရှိ အခြေခံပညာကျောင်း ၂၀၃ ကျောင်းတွင် ကျောင်းသား ကျောင်းသူစုစုပေါင်း ၃၂၁၆၀ အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စကုမြို့နယ်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၂၆၄ ဦး တက်ရောက်ပညာသင်ကြား

**မင်းဘူး ဇွန် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၂၆၄ ဦး အေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားလျက်ရှိသည်။

စကုမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသုံးထပ်ဆောင်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များနှင့် တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များမှ Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများက အတန်းလိုက် တက်ရောက်ပညာသင်ကြားလျက်ရှိရာ ပထမနှစ် Grade-10 ၌ စက်မှုဘာသာရပ်တွင် ၃၅ ဦး၊ စိုက်ပျိုးရေးဘာသာရပ်တွင် ၂၉ ဦးနှင့် မွေးမြူရေးဘာသာရပ်တွင် ၂၁ ဦး စုစုပေါင်း ၈၅ ဦး၊ ဒုတိယနှစ် Grade-11 ၌ စက်မှုဘာသာရပ်တွင် ၅၈ ဦး၊ စိုက်ပျိုးရေးဘာသာရပ်တွင် ၂၆ ဦးနှင့် မွေးမြူရေး ဘာသာရပ်တွင် ခုနစ်ဦး စုစုပေါင်း ၉၁ ဦး၊ တတိယနှစ် Grade-12 ၌ စက်မှုဘာသာရပ်တွင် ၆၄ ဦး၊ စိုက်ပျိုးရေးဘာသာရပ်တွင် ၁၉ ဦးနှင့် မွေးမြူရေးဘာသာရပ်တွင် ငါးဦး စုစုပေါင်း ၈၈ ဦးအထိရှိကာ သတ်မှတ်အတန်းများအလိုက် ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၆၄ ဦး စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်။

**မောင်မောင်(မင်းဘူး)**

## ကသာမြို့ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

**ကသာ ဇွန် ၅**

စစ်ကိုင်း တိုင်းဒေသကြီး ကသာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်မှစတင် ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောနေသာနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်တာဝန်ရှိသူများက အမှတ်(၁)၊ အမှတ်(၃)၊ အမှတ်(၂)နှင့် အထက(ခွဲ) လ(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက် ကြည့်ရှုအားပေးသည်။



ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စာသင်ကျောင်းဆောင်များတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြပြီး ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာ လှပရေးနှင့် ကျောင်းဥပဓိရုပ် ခန့်ထည်ရေး ဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ခရိုင်အတွင်းရှိ ကသာမြို့နယ်နှင့် ဗန်းမောက်မြို့နယ်တို့တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စွာထွန်း(ကသာ)**

## မကွေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



**မကွေး ဇွန် ၅**

မကွေးတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်ဝက် သင်တန်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ**

## ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ သင်တန်းများ စတင်ဖွင့်လှစ်

**တောင်ငူ ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပုံမှန်သင်တန်းများကို ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်သည်။



အဆိုပါ သင်တန်းများတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်၊ ဘွဲ့လွန်မဟာဘွဲ့သင်တန်းများကို ပညာသင်ကာလအလိုက် ဖွင့်လှစ်ပို့ချလျက်ရှိပြီး ကျောင်းသား ကျောင်းသူ ၅၀၃ ဦး ကျောင်းအပ်နှံသင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပဲခူးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ပဲခူး ဇွန် ၅

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကမ္ဘာကြီးရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်ပြီး သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးနိုင်ရန် လူသားတိုင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အသိစိတ်ဓာတ်ရှိရှိ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ကြိုးပမ်းသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအား သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်း ယှဉ်ပြိုင်ရာ၌ အကောင်းဆုံးဆုရရှိကြသည့် ကျောင်းများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်သည်။ ၎င်းနောက် တိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဥပဒေချုပ်တို့က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများက ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာဖတ်ကြားခြင်း Video Clip၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Clip နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သီချင်းတို့အား ကြည့်ရှုခဲ့ကြပြီး ပြခန်းအတွင်း ပြသထားသည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရေးမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရေး ဇွန် ၅

ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲက မွန်ပြည်နယ် ရေးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ အဏ္ဏဝါရပ်ကွက်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ရေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တော ဦးစီးဌာနမှူးဦးစီးအရာရှိဦးရွှေနိုင်က အပင်ရှင်သန်ကြီးထွားစေရေးစိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့ဝင်များက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် မန်ကျည်းရှား စုစုပေါင်းပျိုးပင် ၅၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ရှင်းသန့်ဖြူ

# ကျိုက်ထိုမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျိုက်ထို ဇွန် ၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈နာရီတွင် ကျိုက်ထိုမြို့ မြို့ရှောင်လမ်း၌ ကျင်းပသည်။

သင်ပင်စိုက်ပျိုးပွဲတွင် နယ်မြေခံ ဒုတပ်မမှူးဗိုလ်မှူးကြီးစိန်မင်းထွန်း၊ ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၉၅၄ ဦးတို့က ပျိုးပင်ပေါင်း ၁၀၀၀ ကို စိုက်ပျိုးကြသည်။

အဆိုပါစိုက်ပျိုးခဲ့သည့်ပျိုးပင်များမှာ ကျွန်းပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ သကော်န်း ၁၅ ပင်၊ မဟော်ဂနီပင် ၁၀၀၊ ပျဉ်းမ ၁၀ ပင်၊ ဖန်ခါး ငါးပင်၊ ယမနေ ငါးပင်၊ စိန်ပန်း ငါးပင်၊ ကံ့ကော် ငါးပင်၊ သစ်တို ငါးပင်၊ မန်ကျည်းရှားပင် ၇၅၀ စုစုပေါင်းပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



# ကျွန်းစုမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ကျွန်းစု ဇွန် ၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ကျွန်းစုမြို့ ကမ်းကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကျောင်းဝင်းအတွင်း သတ်မှတ်ကွင်းပြင်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တက်ရောက်လာသူများက ပျဉ်းကတိုးပင် ၁၈၀၊ မဟော်ဂနီပင် ၁၂၀၊ မန်ကျည်းရှားပင် ၅၀၊ သကော်န်းပင် ၅၀၊ ခရေပင် ၂၀ စုစုပေါင်းပျိုးပင် ၄၂၀ အား သတ်မှတ်နေရာ၌ စုပေါင်းစိုက်ပျိုးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသန်းဇော်ဝင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**

# ပုလောမြို့နယ်၌ စုပေါင်းသစ်ပင် စိုက်ပျိုး

ပုလော ဇွန် ၅

တနင်္သာရီတိုင်း ဒေသကြီး ပုလောမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပုလောမြို့ အမက(၆)၌ ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပုလောမြို့နယ် အမှတ်(၁) စစ်အုပ်ချုပ်ရေးနယ်မြေ စစ်နယ်မြေမှူးရုံး ဒုတိယ ဗိုလ်မှူးကြီး ငြိမ်းချမ်းဝင်း၊ ပုလောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊



ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ပြည်သူများက မန်ကျည်းရှားပင် ၁၅၀၊ ပျဉ်းကတိုးပင် ၅၀၊ မဟော်ဂနီပင် ၅၀၊ ခရေပင် ၅၀ စုစုပေါင်း ပျိုးပင် ၃၀၀ ကို စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။

အေးအေးမော်(ပုလော)

# ရန်ကင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံ

ရန်ကင်း ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေး ကိုဗစ် ထပ်ဆောင်းကာကွယ်ဆေး PFIZER VACCINE ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီသီလတ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးကြသည်။

ထိုသို့ ထိုးနှံပေးရာတွင် အသက် ၁၈ နှစ်ပြည့်ပြီး ကိုဗစ်ကာကွယ်ဆေး တစ်ကြိမ်တစ်ခါမျှ



ထိုးနှံခဲ့ခြင်းမရှိသူများနှင့် ကာကွယ်ဆေးထိုးနှံပြီး ခြောက်လပြည့်ပြီးသူများအား (PFIZER VACCINE) ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် ထိုးနှံသင့်သော ကာကွယ်ဆေးဖြစ်ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

# ကရင်ပြည်နယ်၌ မိုးရာသီ(ပထမအကြိမ်)သစ်ပင်စိုက်ပွဲနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ဘားအံ ဇွန် ၅

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီ(ပထမအကြိမ်)သစ်ပင်စိုက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် မိဇံမွေးမြူရေးဇုန်၌ ကျင်းပပြီး ရတနာတန်းဝင်ကျွန်းနှင့် သစ်မာပင် စုစုပေါင်း ၁၁၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘားအံပညာရေးဒီဂရီကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းတို့မှ သင်တန်းသားသင်တန်းသူ၊ ဆရာ ဆရာမများ၊ မိဇံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မိဇံမွေးမြူရေးဇုန်



တာဝန်ရှိသူတစ်ဦးထံ ပျိုးပင်များ ဖြန့်ဝေပေးအပ်ကာ တက်ရောက်လာသူများနှင့်အတူ ဒေသနှင့်ကိုက်ညီ၍ ကြီးမြန်သစ်မျိုးများဖြစ်သည့် ကျွန်း၊ မဟော်ဂနီ၊ စိန်ပန်း၊ ပိတောက်၊ ပျဉ်းကတိုး စုစုပေါင်းပျိုးပင် ၁၁၅၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး၊ စုပေါင်းအားဖြင့်ဆောင်ရွက်ပေး" ဆောင်ပုဒ်ဖြင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဖတ်ကြားသည့်ဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)၏ ဗီဒီယိုနှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အသိပညာပေး ဗီဒီယိုတို့ကို ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာ၊ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဆုရရှိကြသူများ၊ သန့်ရှင်း၍စိမ်းလန်းစိုပြည်သော အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းဆု ရရှိသည့်ကျောင်းများ၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့်စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့်ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒေးဒရဲမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဒေးဒရဲ ဇွန် ၅

ဧရာဝတီ တိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတု ကောင်းမွန်မျှတရေး၊ အပူဒဏ်ကာကွယ်နိုင်ရေးနှင့် သစ်တောသစ်ပင် တန်ဖိုးများကို အများပြည်သူများ အလေးထားသိရှိနိုင်စေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဒေးဒရဲ



မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ စိန္တာမုနိဘုရားကြီးကျောင်းတိုက် ပရိဝုဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် အဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ဇံရွှေ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံ တောအုပ်ကြီးဦးအောင်မျိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာကျောင်းများက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မန်ကျည်းရှား၊ မာလာလူးကား၊ ခရေ၊ ပင်လယ်ကဗွီး၊ ကံ့ကော်၊ ရေတမာစသည့် ပျိုးပင် ၅၀၀ ကျော်အား စနစ်တကျ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဝါးခယ်မ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

ဝါးခယ်မ ဇွန် ၅

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ထော်ကန္ဒတ်ကျေးရွာ မြို့အဝင်၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များက ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များထံသို့ ပျိုးပင်များပေးအပ်ပြီး တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ တောအုပ် ဦးမင်းမင်းဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းကာ မန်ကျည်းရှား၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ စသည့် ပျိုးပင်ပေါင်း ၅၀၀ အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# ရွှေကျင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေကျင် ဇွန် ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စု တောင်ခေါင်းပွာကျေးရွာတွင် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက တောင်ခေါင်းပွာအခြေခံပညာ မူလွန်ကျောင်းဝင်းအနီး၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ရွာငံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး



စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းအုပ်ကြီးနှင့်ဆရာ ဆရာမများ ၊ ကျောင်းသား ကျောင်းသူများက ခရေ ၊ စိန်ပန်းနီ ၊ စိန်ပန်းပြာ၊ ခါတော်မီ၊ ကျွန်း၊ မဲဇလီ ၊ ယူကလစ် ၊ ငုရွှေဝါ သစ်မျိုးစုံပျိုးပင်ပေါင်း ၆၀၀ ကိုစုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ




ဒိုက်ဦး ဇွန် ၅

ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် အထက (ဗျက်ကြီး)၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဒေသခံပြည်သူများ၊ မြို့နယ်သစ်တောဝန်ထမ်းများ စုစုပေါင်း ၂၂၅ ဦးတို့က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ၊ စိန်ပန်းကြီး၊ မန်ကျည်းရှား ပျိုးပင်စုစုပေါင်း ၁၀၀၀ အား လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာ ပညာမိခင် စာကြည့်တိုက်သို့ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းရရှိသော စာအုပ်စာစောင်များနှင့်စာရေးဆရာမ လွန်းထက်စံကလှူဒါန်းသော စာအုပ်များကို ဇွန် ၃ ရက်က မြို့နယ်စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးဝင်း(ဝင်းသီဟ-သန်လျင်)က ကျေးရွာစာကြည့်တိုက်မှူး ဦးသူထက်ထူးသာ ထံပေးအပ်လှူဒါန်းစဉ်။ သန်းဝင်း(သန်လျင်)

# တောင်ကြီးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ



တောင်ကြီး ဇွန် ၅

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဗီဒီယိုကလစ်ကိုပြသကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုနှင့် စက်ရုံဆုရရှိကြသူများ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုရရှိသည့် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းလေးကျောင်း၊ အမျိုးသားအဆင့်နှင့် ပြည်နယ်အဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောမြို့ဆု၊ စက်ရုံဆုရရှိကြသူများအား ကျောက်စီပန်းချီကားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြပြီး ဆုရရှိကြသူများ၏ ဗီဒီယိုကလစ်များနှင့် ခန်းမအတွင်း ခင်းကျင်းပြသထားသော အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီး – အေးသာယာအတက်–လမ်းရှိ တောင်ကြီးမြို့နယ် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ခုနှစ် ကွက်လပ်ဖြည့်စိုက်ခင်း ရှစ်ဧက၊ ၁ ဒသမ ၇၈ ဧက၊ တောင်ကြီး(ထင်း)ကြိုးဝိုင်း၊ အကွက်အမှတ် ၆၊ ၅ ဧကတွင် ထင်းရှူး၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ချယ်ရီ၊ ခါတော်မိစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ တောင်ကြီးမြို့ကံကြီးရပ်ကွက်ရှိ တောင်ကြီး – တာချီလိတ်သွား ပြည်ထောင်စုလမ်းမကြီးနံဘေးရှိ မြေသားကွက်လပ်မြင့်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပသည့် ၂၀၂၅ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ တတိယနေ့ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ကျိုင်းတုံမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၅

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်ရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကျိုင်းတုံမြို့ပေါ်ရှိ တက္ကသိုလ်/ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

**တက်ရောက်**

ယင်းနောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာဗီဒီယို၊ ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာဗီဒီယိုနှင့် ၂၀၂၅ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အသိပညာပေးဗီဒီယိုတို့ကို ဖွင့်လှစ်ပြသသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်အောင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြန်အောင် ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မြန်အောင်ရေနံမြေအတွင်း ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များက မဟော်ဂနီပင်အား ဦးဆောင်စိုက်ပျိုးပေးခဲ့ပြီး သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် သစ်ပင်စိုက်ပျိုးခဲ့ရာ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များက ပျော်ရွှင်စွာ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် ဒေသနှင့် ကိုက်ညီသည့် သစ်မျိုးများ၊ အဖိုးတန် သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများဖြစ်သည့် ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ မန်ကျည်းရှား စသည့်သစ်မျိုး ၁၁ မျိုး စုစုပေါင်းအပင် ၁၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ ရေဦးသာ



# ပေါင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပေါင် ဇွန် ၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကော့ထော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။




**စုပေါင်းစိုက်ပျိုး**

ဦးစွာစိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဇော်လွင်ဦးက တက်ရောက်လာသူများထံ အပင်များပေးအပ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၂၀၀၊မန်ကျည်းရှားပင် ၂၀၀၊ စိန်ပန်းကြီးပင် ၈၀ စုစုပေါင်း ပျိုးပင်ပေါင်း ၆၈၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

# မုဒုံမြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မုဒုံ ဇွန် ၅

မွန်ပြည်နယ် မုဒုံမြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မြို့မ(၄) ရပ်ကွက်ရှိ ကန်ကြီးသုသာန်ဝင်းမြေနေရာ၌ ကျင်းပသည်။

ဦးစွာ မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ဇောအောင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် အခမ်းအနား တက်ရောက်လာသူများက မန်ကျည်းရှားပင် ၄၀၀၊ အော်ရီးရှားပင် ၄၀၀၊ မဟော်ဂနီပင် ၁၀၀၊ သက်န်း ၅၀၊ ပျဉ်းမ ၅၀ တို့ကို သတ်မှတ်နေရာများတွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရာမည (ပြန်/ဆက်)





ရေကြီး၊ ရေလျှံမှုများတွင် အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကယားပြည်နယ် လွိုင်ကော်မြို့နယ် မီးသတ်စခန်းက စက်လှေမောင်းသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို ဇွန် ၅ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၂ ဦးတက်ရောက်ကြပြီး သင်တန်း၌ စက်လှေမောင်းနှင်ခြင်းကို စာတွေ့/လက်တွေ့ သင်ကြားပေးစဉ်။

ညီထွေးဦး

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး





**ဝါရှင်တန် ဇွန် ၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဇွန် ၄ ရက်တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း ထရမ့်က ထုတ်ဖော်ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးအကြား ဖုန်းခေါ်ဆိုမှုသည် တစ်နာရီနှင့် ၁၅ မိနစ်ခန့်ကြာမြင့်ကြောင်း ထရမ့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ပြောကြားကြောင်း သိရသည်။

အဆိုပါဖုန်းခေါ်ဆိုမှုသည် ခေါင်းဆောင်နှစ်ဦးကြား ကောင်းမွန်သည့် စကားပြောဆိုမှုတစ်ခုဖြစ်ခဲ့သော်လည်း ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

၎င်းတို့နှစ်ဦးသည် ရပ်တန့်ထားသည့် ရုရှားစစ်လေယာဉ်များကို ယူကရိန်း၏ တိုက်ခိုက်မှုအပါအဝင် နှစ်ဖက်စလုံးမှ အခြားတိုက်ခိုက်မှုအမျိုးမျိုးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သမ္မတ ထရမ့်က ပြောကြားသည်။

မကြာသေးမီက ယူကရိန်း၏လေကြောင်းတိုက်ခိုက်မှုကို တုံ့ပြန်ရမည်ဖြစ်ကြောင်းလည်း သမ္မတပူတင်က အခိုင်အမာပြောကြားသည်။

ယခုဖုန်းခေါ်ဆိုမှုသည် သမ္မတထရမ့်၏ ဒုတိယသက်တမ်းအတွင်း ခေါင်းဆောင်နှစ်ဦးအကြား စတုတ္ထမြောက် ဖုန်းခေါ်ဆိုမှုဖြစ်သည်။

ရုရှား-ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့်ပတ်သက်ပြီး သမ္မတ ထရမ့်အနေဖြင့် မည်သည့်နည်းလမ်းများ အသုံးပြုသွားမည်ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေး တောင်းဆိုသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုအာဏာဖြင့် ပယ်ချ

**ဝါရှင်တန် ဇွန် ၅**

ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ အဟန့်အတားမရှိ ပေးပို့ရန် တောင်းဆိုသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုအာဏာဖြင့် ပယ်ချခဲ့ကြောင်း သိရသည်။

လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင် ၁၀ နိုင်ငံက အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို ဇွန် ၄ ရက်တွင် တင်သွင်းခဲ့သည်။ ထို့ပြင် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အမြဲတမ်း အပစ်အခတ်ရပ်စဲရေး၊ ကျန်ရှိသော ဓားစာခံများအားလုံးကို လွှတ်ပေးရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အပြည့်အဝပေးအပ်မှုများ ပြန်လည်စတင်ရန် ၎င်းတို့က တောင်းဆိုခဲ့သည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက် ၁၄ နိုင်ငံက ယင်းဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့ကြသည်။





ဂါဇာရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေကိုဖြေရှင်းရန် လုံခြုံရေးကောင်စီအနေဖြင့် အရေးတကြီးနှင့် ပြတ်ပြတ်သားသား လုပ်ဆောင်ရမည်ဖြစ်ကြောင်းလည်း ကုလသမဂ္ဂဆိုင်ရာ ဆလိုဗေးနီးယားနိုင်ငံ သံအမတ်ကြီး ဆာမြူရယ် ဇိုဂါက ပြောကြားသည်။

သို့သော် ယင်းသို့ဆောင်ရွက်မည်ဆိုပါက အပစ်အခတ်ရပ်စဲရေးသို့ ရောက်ရှိရန် ရည်ရွယ်သည့် သံတမန်ရေးရာ ကြိုးပမ်းမှုများကို ပျက်ပြားစေပြီး ဟားမတ်စ်ကို ထောက်ပံ့ကူညီရာရောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ယာယီ အမေရိကန်သံအမတ်ကြီး ဒိုရိုသီရှီယာက တုံ့ပြန်ပြောကြားကာ ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သမ္မတတာဝန်ယူသည့်အချိန်မှစပြီး ဗီတိုအာဏာသုံးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံအများအပြားက အဆိုပါဆုံးဖြတ်ချက်ကို ဆန့်ကျင်မဲပေးခဲ့ကြပြီး အမေရိကန်ကို ရှုတ်ချခဲ့သည်။

အမေရိကန်၏ လုပ်ဆောင်ချက်သည် ငတ်မွတ်နေသော ပါလက်စတိုင်း နှစ်သန်းကျော်၏ အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းရန် ထိရောက်သောအစီအမံများ မဆောင်ရွက်နိုင်ခြင်းကြောင့် လုံခြုံရေးကောင်စီအား ပြစ်တင်ဝေဖန်မှုများ တိုးလာလျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ပါကစ္စတန်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်

**အစ္စလာမာဘတ် ဇွန် ၅**

ပါကစ္စတန်နိုင်ငံသည် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်မည်ဖြစ်ပြီး နောင်လာမည့် မျိုးဆက်များအတွက် စဉ်ဆက်မပြတ်တိုးတက်သည့်အနာဂတ်ကို ရရှိစေရေး ဆောင်ရွက်မည်ဟု သမ္မတအဇစ်အလီဇာဒါရီက ဇွန် ၅ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် အရင်းအမြစ်အကန့်အသတ်ဖြင့်သာရှိသော်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရာသီဥတုပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို ရင်ဆိုင်ဖြေရှင်းဆောင်ရွက်ရန် ပါကစ္စတန်နိုင်ငံက တစ်ဆင့်ချင်း ကြိုးပမ်းဆောင်ရွက်မည်ဟု ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးရန်ပုံငွေ သတ်မှတ်နိုင်ရန်အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတကာအကူအညီများကို ပေါင်းစပ်၍ ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအဖြစ် ကာဗွန်အခွန်စည်းကြပ်ခြင်း၊ လျှပ်စစ်ကားကဏ္ဍမြှင့်တင်ခြင်းနှင့် စွမ်းအင်ကဏ္ဍမြှင့်တင်ခြင်းတို့ကိုဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ရေကြီးရေလျှံမှုကာကွယ်ရေး၊ သန့်ရှင်းသည့်စွမ်းအင်သို့ အသွင်ကူးပြောင်းခြင်း၊ စဉ်ဆက်မပြတ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ လေထုအရည်အသွေးမြှင့်တင်ခြင်းနှင့် အစိမ်းရောင်ဘဏ္ဍာရေးကဏ္ဍ မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအား သန့်ရှင်းပြီး စိမ်းလန်းသည့်နိုင်ငံဖြစ်လာစေရေးအတွက် တစ်ခါသုံးပလတ်စတစ်များ အသုံးပြုမှုလျှော့ချရေး၊ သစ်တောထိန်းသိမ်းမှုမြှင့်တင်ခြင်း၊ စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်း အပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် လုပ်ငန်းများတွင် နိုင်ငံသားအားလုံးပူးပေါင်းဆောင်ရွက်ရန် ၎င်းက တိုက်တွန်းခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ



# ကမ္ဘာတစ်ဝန်း၌ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းရန် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အကြီးအကဲ တိုက်တွန်း

**နိုင်ရိုဘီ ဇွန် ၅**

ကမ္ဘာတစ်ဝန်း၌ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံတကာအသိုက်အဝန်းအား ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်၏ အကြီးအကဲက တိုက်တွန်းပြောကြားသည်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ဒါရိုက်တာ အင်ဂျာအန်ဒါဆန်က ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့မတိုင်မီ အင်န်အိတ်ချ်ကေသတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ပလတ်စတစ်ညစ်ညမ်းမှု တားဆီးရေး ပထမဆုံး တရားဝင်စည်းမျဉ်းစာချုပ် မူကြမ်းတစ်ရပ်ကို အကောင်အထည်ဖော်ရန် အစိုးရကြားညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များသည် လွန်ခဲ့သည့်နှစ်တွင် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ တွေ့ဆုံခဲ့ကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ဒါရိုက်တာ အင်ဂျာအန်ဒါဆန်က ပြောကြားသည်။

သို့သော် နိုင်ငံများအကြား သဘောထားကွဲလွဲမှုများရှိခဲ့သည့်အတွက် သဘောတူညီမှု အပြည့်အဝရရှိခဲ့ခြင်းမရှိကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

အဆိုပါသဘောထားကွဲလွဲမှုများကို ညှိနှိုင်းပြီး ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရန် အဓိကထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း အန်ဒါဆန်က ပြောသည်။

ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ်းခြေများနှင့် သမုဒ္ဒရာများ၌ ပြဿနာတစ်ရပ်ဖြစ်ပြီး ကမ္ဘာ့မြေဆီလွှာနှင့် ရေအရင်းအမြစ်များကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေကြောင်း ၎င်းက ပြောသည်။

ဩဂုတ်လတွင် ဆွစ်ဇာလန်နိုင်ငံ၌ကျင်းပမည့် ကော်မတီအစည်းအဝေးတွင် စာချုပ်မူကြမ်းတစ်ခုအတွက် သဘောတူညီချက်တစ်ရပ်ရရှိလိမ့်မည်ဟု သူမမျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် စီးပွားရေးနှင့် လူဦးရေတိုးပွားမှုနှင့်အတူ ပလတ်စတစ်ညစ်ညမ်းမှုပျံ့နှံ့နိုင်သည့် ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပံ့ပိုးပေးရန်လည်း ၎င်းက ကမ္ဘာ့နိုင်ငံများအား တောင်းဆိုခဲ့သည်။

အာဖရိက၊ အာရှ၊ လက်တင်အမေရိကနိုင်ငံများကလည်း အမှိုက်စီမံခန့်ခွဲမှုကို အကောင်းဆုံးဖြစ်အောင် ကူညီပေးရန်အတွက် ရင်းနှီးမြှုပ်နှံမှုများလက်ခံသင့်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၂၂ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ရွှေနှင်းဆီလမ်းနှင့် ဝိဇ္ဇာလမ်းထောင့်နေ သံအမတ်ကြီး(ငြိမ်း) ဦးချိုထွန်းအောင်သည် နေအိမ်ရှေ့တွင် မြေးဖြစ်သူနှင့်အတူ လမ်းလျှောက်နေစဉ် (စိစစ်ဆဲ)အမျိုးသား နှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဦးချိုထွန်းအောင် သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သည့် တရားခံများ ရှာဖွေတွေ့ရှိရေး စုံစမ်းဖော်ထုတ်ခဲ့ရာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်သတင်းပေးမှုကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေ့တွင် အကြမ်းဖက်အဖွဲ့များ အသုံးပြုခဲ့သည့် စက်ဘီးအား သုံးဘီးယာဉ် တစ်စီးပေါ်တွင် တင်ဆောင်သွားသည်ကိုတွေ့ရှိခဲ့ကြောင်း သိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ မေ ၂၃ ရက်တွင် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် သုံးဘီးယာဉ်မောင်းနှင်သူ **စန်းထက်အောင်(ခ)ပဲခူးသား**(၄၀)နှစ်အား မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ခိုင်ရွှေဝါ(၃)လမ်း အမှတ်(၂၄၈)ရှိနေအိမ်၌ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် စက်ဘီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ထောက်ပို့အဖြစ်ဆောင်ရွက်ခဲ့သည့် **ဝင်းသူ(ခ) ကုလားလေး**(၃၉)နှစ်အား မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် စိန်ချယ်လမ်းတို အမှတ်(၂၃၃)ရှိ နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မေ ၂၅ ရက်တွင် ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံ **မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ) လင်းလက်ဇော်**(၂၈)နှစ်၊ ၎င်း၏ဇနီးဖြစ်သူ **ပြုံးပြုံး**(၂၄)နှစ်၊ သမီးဖြစ်သူ **လင်းလက်ရွှေ** (၆)နှစ်တို့အား ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းတွင်လည်းကောင်း၊ ၎င်းတို့အား လိုက်ပါပို့ဆောင်ပေးခဲ့သည့် ယာဉ်မောင်း **အောင်ဆန်းဟိန်း**(၂၅)နှစ်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသူ **ညီညီလှိုင်**(၃၉)နှစ်တို့အား မွန်ပြည်နယ် မုဒုံမြို့တွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်၏ ထွက်ဆိုချက်အရ ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်ရာတွင်ပါဝင်ခဲ့သည့် ဖမ်းဆီးရန်ကျန်တရားခံ ချစ်ကိုကို (ခ) ကျော်ကြီး၏ မိသားစုဝင်များသည် မြဝတီမြို့ဘက်သို့ ထွက်ပြေးတိမ်းရှောင်ရန် လုပ်ဆောင်နေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ မေ ၂၆ ရက်တွင် ချစ်ကိုကို (ခ)ကျော်ကြီး၏ဇနီး မြင့်မြင့်ထွေး(၃၉)နှစ်၊ အောင်ကိုကိုချစ် (၁၈)နှစ်၊ ဇင်မောင်မောင်(ခ) အာနိုး(၂၇)နှစ်နှင့် ထွက်ပြေးတိမ်းရှောင်ရာတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် **ဖြိုးဝေအောင်(ခ) အရှည်ကြီး**(၄၀)နှစ်တို့အား ပဲခူးမြို့ အဝင် စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့သည်။


ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မေ ၂၉ ရက်တွင် ဦးချိုထွန်းအောင်အား လုပ်ကြံသတ်ဖြတ်မှုအပါအဝင် ၎င်းတို့အကြမ်းဖက်အဖွဲ့ဆောင်ရွက်ခဲ့သော လုပ်ကြံသတ်ဖြတ်မှုများ၌ Scout ကြည့်ရှုပေးခဲ့သည့် တရားခံ **မင်းစည်သူ(ခ)အငယ်လေး** (၂၉)နှစ်နှင့် **ကျော်ဇင်သန့်(ခ)လွင်ကြီး(ခ) ကျော်ဇင်**(၃၃)နှစ်တို့အား ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ဈေးကလေးလမ်း အမှတ်(၁၇၇)ရှိ နေအိမ်၌လည်းကောင်း၊ တရားခံ **ဟန်လင်းအောင်**(၂၈)နှစ်၊ ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် သိန္ဓုလမ်း အမှတ်(၃၂)နေသူအားလည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဖမ်းဆီးရမိတရားခံ **မျိုးကိုကို(ခ) စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်**၏ ထွက်ဆိုချက်အရ ၎င်းသည် ဦးချိုထွန်းအောင် အား လုပ်ကြံသတ်ဖြတ်စဉ် သေနတ်ကျည်ပေါက်ထွက်၍ ဘယ်ဘက်ခြေထောက် ဒဏ်ရာရရှိခဲ့ပြီး အဆိုပါဒဏ်ရာကို သာကေတမြို့နယ် ၄/တောင်ရပ်ကွက် မြင်တော်သာလမ်း အမှတ်(၅၂၄)ရှိ "လင်း" အထူးကုဆေးရုံ၌ လျှို့ဝှက်စွာ ဆေးကုသခဲ့ကြောင်း သိရှိရသဖြင့် မေ ၂၆ ရက် ညနေပိုင်းတွင် တရားမဝင်ဆေးကုသပေးခဲ့သော DCS ဆရာဝန် **ဇော်ကိုကို**(၃၈)နှစ်နှင့် DCS ဆရာဝန်များဖြင့် စုစည်းဖွင့်လှစ်ထားသည့် "လင်း"အထူးကုဆေးရုံပိုင်ရှင် **ဒေါက်တာရဲလင်းစိုး** (၃၆)နှစ်တို့အား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၆ ဦးတို့ကို လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် မတ်တွင် Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့အား ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ၌ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ တရားခံပြေး ရည်မွန်၏ စီစဉ်ထောက်ပံ့ပေးမှုဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့တွင် ဖမ်းဆီးရန်ကျန်တရားခံ ကိုထက် ခေါင်းဆောင်၍ အင်အား ရှစ်ဦးရှိပြီး ရန်ကုန်မြို့၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ၎င်းတို့ မကျေနပ်သည့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မေ ၁၅ ရက်တွင် Golden Valley Warrior အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန် တရားခံ ကိုထက်သည် Telegram မှတစ်ဆင့် ဦးချိုထွန်းအောင်၏ ဓာတ်ပုံနှင့် နေအိမ်တည်နေရာ Google Map တို့အား ပေးပို့ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများဖြစ်သည့် မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်၊ မင်းစည်သူ(ခ)အငယ်လေး၊ ကျော်ဇင်သန့်(ခ) လွင်ကြီး(ခ) ကျော်ဇင်နှင့် ဖမ်းဆီးရန်ကျန် တရားခံ ချစ်ကိုကို(ခ)ကျော်ကြီး တို့သည် ဦးချိုထွန်းအောင်၏ နေအိမ်ဝန်းကျင်သို့ (၆)ကြိမ်သွားရောက်၍ အခြေအနေကြည့်ခဲ့ကြောင်း၊ မေ ၂၁ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံ ကိုထက်က မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်ထံသို့ ပစ္စတိုနှစ်လက်အား ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

စာမျက်နှာ ၁၅ သို့ ■




ဒေါက်တာဇော်ကိုကို (၃၈)နှစ် (DCS) (ဆေးကုသပေးသူ)


ဒေါက်တာရဲလင်းစိုး(၃၆)နှစ် "လင်း"ဆေးရုံပိုင်ရှင်


စန်းထက်အောင်(ခ)ပဲခူးသား (၄၀)နှစ်(သုံးဘီးဘေးတွဲဆိုင်ကယ် မောင်းနှင်သူ)


ဝင်းသူ(ခ)ကုလားလေး (၃၉)နှစ် (လုပ်ကြံသတ်ဖြတ်ရန်တိုင်ပင်သူ)


မင်းစည်သူ(ခ) အငယ်လေး (၂၉)နှစ်(Scout ကြည့်ရှုပေးခဲ့သူ)


ကျော်ဇင်သန့်(ခ)လွင်ကြီး(ခ) ကျော်ဇင် (၃၃)နှစ် (Scout ကြည့်ရှုပေးခဲ့သူ)


ဟန်လင်းအောင် (၂၈) နှစ် (Scout ကြည့်ရှုပေးခဲ့သူ)


မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက် (ခ) လင်းလက်ဇော် (၂၈)နှစ်


ပြုံးပြုံး(၂၄)နှစ် (တရားခံမျိုးကိုကို (ခ) စိုင်းကိုကို (ခ) ဇင်မင်းထက် (ခ)လင်းလက်ဇော်၏ ဇနီး)


လင်းလက်ရွှေ (၆) နှစ် (တရားခံ မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်း ထက်(ခ)လင်းလက်ဇော်၏သမီး)


အောင်ဆန်းဟိန်း(၂၅)နှစ် (ညောင်ဦးသို့ ပို့ဆောင်ပေးသူ)


ညီညီလှိုင် (၃၉) နှစ် (ညောင်ဦးသို့ ပို့ဆောင်ရန် ချိတ်ဆက်ပေးသူ)


မြင့်မြင့်ထွေး(၃၉)နှစ် (ချစ်ကိုကို(ခ)ကျော်ကြီး၏ ဇနီး)


အောင်ကိုကိုချစ်(၁၈)နှစ် (ချစ်ကိုကို(ခ)ကျော်ကြီး၏ သား)


ဇင်မောင်မောင်(ခ) အာနီး (၂၇) နှစ်(မြဝတီသို့ ပို့ဆောင်ပေးသူ)


ဖြိုးဝေအောင်(ခ)အရှည်ကြီး (၄၀) နှစ် (မြဝတီသို့ ပို့ဆောင်ရန် ချိတ်ဆက်ပေးသူ)

ဖမ်းဆီး ရမိသည့် တရားခံများ၏ မှတ်တမ်း ဓာတ်ပုံများ


ဦးသန့်ဇင်(ထွေ/အုပ် ယာဉ်မောင်း)(မစိုးရိမ်ရ) (၁၃-၁၀-၂၀၂၄)

■ စာမျက်နှာ ၁၄ မှ

မေလ ၂၂ ရက်တွင် မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်နှင့် ဖမ်းဆီးရန်ကျန် တရားခံ ချစ်ကိုကို(ခ)ကျော်ကြီးတို့သည် ကိုထက်မှ ငှားရမ်းပေးထားသည့် ရွှေပေါက်ကံမြို့သစ် (၂၂) ရပ်ကွက် သပြေခြံမြို့ပတ်လမ်း အမှတ်(ရ/၁၀၃/၁၀၄) ရှိ Safe House မှ စက်ဘီးဖြင့် ထွက်ခွာခဲ့ကြောင်း၊ ဦးချိုထွန်းအောင်၏ နေအိမ်ရှေ့အရောက်တွင် လမ်းလျှောက်နေသော ဦးချိုထွန်းအောင်အား မျိုးကိုကို(ခ) စိုင်းကိုကို (ခ) ဇင်မင်းထက် (ခ) လင်းလက်ဇော်က အသင့်ယူဆောင်လာသည့်ပစ္စတိုဖြင့် လေးချက် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်စဉ် ပစ္စတိုကျည်ညပ်သဖြင့် ရှင်းလင်းစဉ် ကျည်ပေါက်ထွက်၍ ၎င်း၏ဘယ်ခြေထောက်အား ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းနောက် စက်ဘီးဖြင့် ရွှေပေါက်ကံမြို့သစ်ရှိ Safe House သို့ပြန်လာခဲ့ပြီး စက်ဘီးနှင့် လုပ်ကြံသတ်ဖြတ်စဉ် ဝတ်ဆင်ခဲ့သည့် အဝတ်အစားများအား စန်းထက်အောင်(ခ)ပဲခူးသားနှင့် ဝင်းသူ(ခ) ကုလားလေးတို့အား ဝှက်ထားခိုင်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ မျိုးကိုကို(ခ)စိုင်းကိုကို(ခ) ဇင်မင်းထက်(ခ)လင်းလက်ဇော်၏ ထွက်ဆိုချက်အရ ၎င်းသည် ရရှိခဲ့သည့်ဒဏ်ရာအား ဆေးကုသရန် အတွက် ဖမ်းဆီးရန်ကျန်တရားခံ အောင်သူက ကြိုတင်ချိတ်ဆက်ပေးထားသည့် "လင်း"အထူးကုဆေးရုံရှိ DCS ဆရာဝန် ဇော်ကိုကိုထံသို့ သွားရောက်၍ လျှို့ဝှက်စွာဆေးကုသမှုခံယူခဲ့ကြောင်း၊ ထို့နောက် မိသားစုနှင့်အတူ ပခုက္ကူမြို့နယ်ဘက်၌ တိမ်းရှောင်ရန်သွားရောက်စဉ် ပုဂံမြို့ဟောင်း၌ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ တရားခံပြေး ရည်မွန်၏စေခိုင်းမှုဖြင့် Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အောက်ပါအတိုင်း လုပ်ကြံသတ်ဖြတ်မှုလေးကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်-

(က) ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် မျိုးကိုကို (ခ) စိုင်းကိုကို(ခ)ဇင်မင်းထက် (ခ) လင်းလက်ဇော်သည် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ဖွံ့ဖြိုးရေးလမ်းနေ ဥပဒေအတိုင်ပင်ခံ ဦးမင်းတေဇာညွန့်တင်အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ ချစ်ကိုကို(ခ)ကျော်ကြီးတို့မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ခ) ၂၀၂၃ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်နှင့် ချစ်ကိုကို(ခ)ကျော်ကြီးတို့သည် ရွှေပြည်သာမြို့နယ် အမှတ်(၃)ရပ်ကွက် ပန်းခြံ(၄)လမ်း၌ **လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး**အား ပစ္စတိုဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ပြီး **ဟန်လင်းအောင်**က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ဂ) ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် မျိုးကိုကို(ခ)စိုင်းကိုကို(ခ)ဇင်မင်းထက်(ခ)လင်းလက်ဇော်သည် သဃ်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၃)လမ်းနေ **အမျိုးသားဒီမိုကရေစီပါတီသစ် ဥက္ကဋ္ဌ ဦးသန်းထွန်း**အား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး မင်းစည်သူ (ခ) အငယ်လေးနှင့် ကျော်ဇင်သန့်(ခ) လွင်ကြီး(ခ)ကျော်ဇင်တို့က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ဃ) ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် မျိုးကိုကို (ခ) စိုင်းကိုကို (ခ) ဇင်မင်းထက်(ခ) လင်းလက်ဇော်သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၁) ရပ်ကွက် အောင်မင်္ဂလာကျောင်းအနီးတွင် မစဖအဖွဲ့ဝင်(၂) ဖြစ်သူ ဦးရွှေမန်းအား ပစ္စတိုဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ရာ **ယာဉ်မောင်းဖြစ်သူ ဦးသန့်ဇင်**တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျော်ဇင်သန့်(ခ)လွင်ကြီး(ခ)ကျော်ဇင်က အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ


ဦးမင်းတေဇာညွန့်တင်၊ ဥပဒေအတိုင်ပင်ခံ(သေဆုံး)(၂၄-၃-၂၀၂၃)


ဦးသန်းထွန်း၊ အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ (သေဆုံး)(၁-၁၂-၂၀၂၃)


လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ချောင်းမြောင်းပစ်ခတ်ခဲ့မှု(လူထိခိုက်မှုမရှိ)(၁၅-၈-၂၀၂၃)


ဦးချိုထွန်းအောင်၊ သံအမတ်ကြီး(ငြိမ်း)(သေဆုံး) (၂၂-၅-၂၀၂၅)

## Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့၏ လုပ်ကြံသတ်ဖြတ်မှုများ

Golden Valley Warrior အကြမ်းဖက်အဖွဲ့သည် ရန်ကုန်မြို့အတွင်း၌ အပြစ်မဲ့ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း၊ ထိုသို့လုပ်ကြံသတ်ဖြတ်ခြင်းများအတွက် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG က တစ်ကြိမ်လျှင် ငွေကျပ် နှစ်သိန်း NUG Pay မှ တစ်ဆင့်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သက်ဆိုင်ရာက အသိပေးထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ပျဉ်းမနား ဇွန် ၅

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် တပ်ပိုးကျေးရွာရှိ ဦးသိန်းဆိုင် နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ နို့စားနွားများ မွေးမြူထားရှိမှု၊ နွားသားပေါက်များ မွေးမြူထားရှိမှုနှင့် နေ့စဉ်နို့ထုတ်လုပ်ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဝင်က မိရိုးဖလာစနစ်အတိုင်း မွေးမြူခြင်းထက် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်သွားစေလိုကြောင်း၊ နို့နှင့်နို့ထွက်ပစ္စည်းများ အဆင့်မြှင့်ထုတ်လုပ်စေလိုကြောင်းနှင့် အခြားလိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ဦးသူရမောင်၏ အသားတိုးဝက်ခြံသို့ရောက်ရှိရာ တာဝန်ရှိသူများက အသားတိုးဝက်မွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က ဝက်မျိုးကောင်းမျိုးသန့်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ထွက်ရှိလာသောဝက်သားပေါက်ငယ်များအား ဒေသတွင်း ဖြန့်ဖြူးနိုင်ရေးတို့ ဆောင်ရွက်သွားစေလိုကြောင်း မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ဦးသိန်းဆိုင်၏ တိရစ္ဆာန်အစာပင် နေဗီယာမြက် စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်းဖြင့် တိရစ္ဆာန်များကို လွှတ်ကျောင်းစနစ်မှ ခြံလှောင်မွေးမြူရေးစနစ်သို့ ပြောင်းလဲပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လုပ်ကိုင်လာစေရန်၊ အစာရှားပါးချိန်တွင် အာဟာရပြည့်ဝသော အစားအစာကျွေးမွေးနိုင်ရန်၊ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းတွင် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းမွန်စေသော တိရစ္ဆာန်အစာပင်များ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် နေဗီယာမြက်မျိုးများကို စနစ်တကျစိုက်ပျိုးဆောင်ရွက်နိုင်ရန်လိုကြောင်းနှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**မျိုးသီဟ(ပြန်/ဆက်)**

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၄ ဒသမ ၈၀၇၀ တန်၊ သစ်မာ ၁၄ ဒသမ ၉၇၂၆ တန်၊ အခြားသစ် ၅ ဒသမ ၅၈၂၄ တန် စုစုပေါင်း ၂၅ ဒသမ ၃၆၂၀ တန်၊ ယာဉ်/ ယန္တရား သုံးစီး၊ တရားခံ ငါးဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၅

၂၀၂၅ MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဇွန် ၅ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ပွဲစဉ်များတွင် တော်ဝင်နန်းအသင်းက MMOG အသင်းကို ခြောက်ဂိုးပြတ်၊ Water King အသင်းက NLY အသင်းကို ၁၁ ဂိုး-တစ်ဂိုး၊ ပြည့်ကြီးအသင်းက Happy Holiday အသင်းကို ၁၀ ဂိုး-လေးဂိုး၊ ဟံသာဝတီအသင်းက Young But String အသင်းကို သုံးဂိုးပြတ်၊ ကြယ်စင်လင်းအသင်းက ပစ်တိုင်းထောင်အသင်းကို ၁၀ ဂိုး-နှစ်ဂိုး၊ ULAD အသင်းက Acquire အသင်းကို ငါးဂိုးပြတ် အနိုင်ရရှိသည်။

ပြိုင်ပွဲတတိယနေ့ကို ဇွန် ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်နေပြီး ဗိုလ်လုပွဲရောက်သည့်နှစ်သင်းမှာ လာမည့်ရာသီ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲသို့ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ရောက်ရှိသည့် နှစ်သင်းမှာမူ ပြီးခဲ့သည့်ရာသီ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် အမှတ်အနည်းဆုံးရရှိသည့် နှစ်သင်းနှင့် Play-off ပြန်လည်ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သောတပန်ရပ်ကွက်ရှိ သကျဓိတာ သီလရှင်စာသင်တိုက်၊ နန်းဦးမြို့သစ်သမိုင်းဝင်ရွှေကြက်တောင်စေတီ၊ သောတပန်ရပ်ကွက် ရွှေဟင်္သာကျောင်းတိုက်နှင့် ခေမာသီဝံချောင် ကျောင်းတိုက်များ၌ သာသနိကအဆောက်အအုံများ မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများ တိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရွာထောင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဒီဇယ်ရှိ စာသင်ကျောင်းဆောင်နှစ်ဆောင်ပြန်လည်ပြုပြင်ခြင်းနှင့် ကျောင်းဝတ်စုံများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး စာသင်ကျောင်းဆောင်နှစ်ဆောင်နှင့် ကျောင်းဝတ်စုံများအား ထောက်ပံ့ပေးအပ်ကာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးကြပြီး ပြန်လည်ပြုပြင်ထားသည့် ကျောင်းဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍စစ်ကိုင်းတောင်ရှိငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ ပြန်လည်တည်ဆောက်ရန်အတွက် လျာထားမြေနေရာပေးရန် ရွာထောင်ရပ်ကွက်ရှိ မြေနေရာအချို့အား တာဝန်ရှိသူများနှင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် စစ်ကိုင်းမြို့ စီတီးရပ်ကွက် ရာဇမဏိစူဠာကောင်းမှုတော်စေတီအတွင်း ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား တပ်မတော်သားများက ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ဖယ်ရှားရှင်းလင်းနေမှုများအားလည်းကောင်း၊ ကျောက်ဆစ်ရပ်ကွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ မင်းရဲဆည်အတွင်း၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် Kyaukse Rescue (လူမှုကယ်ဆယ်ရေးအဖွဲ့)မှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Speed Boat မောင်းနှင်လေ့ကျင့်မှုနှင့် ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းများလေ့ကျင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ကျောင်းဆောင်အတွင်းရှိ ကျောင်းသုံးပစ္စည်းများ သယ်ယူရွှေ့ပြောင်းပေးနေမှုအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်၊ မေဃဂီရိရပ်ကွက်၊ မဟာဇေယျာဘုံရပ်ကွက်နှင့် အနိုပ်တော်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန်အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများအားလည်းကောင်း၊ ဖြိုချပြီးအပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်နှင့် စိန်ပန်းရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန်အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများအားလည်းကောင်း၊ ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ရှားတောလေးကျေးရွာရှိ စွယ်တော်မြတ်စေတီတော်သို့သွားရောက်၍ စေတီတော်ပတ်ဝန်းကျင်နှင့် ဗောဓိငါးထောင်နဒ္ဒဝန် ဥယျာဉ်တော်အတွင်း အဖွဲ့အစည်းအသီးသီးမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားရင်ပြင်တော်ရှိ ကျောက်ပြားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့် အခြေအနေများအားလည်းကောင်း၊ အက်ကွဲသွားသော ဂန္ဓကုဋိတိုက် အောက်ခြေလှေကားဝဲ/ယာရှိ မကန်းရုပ်အောက်ခြေနေရာ အက်ကွဲကြောင်းအတွင်း အသိအမှတ်ပြုလက်မှတ်ရအင်ဂျင်နီယာ(PE)အဖွဲ့များ၏ စစ်ဆေးချက်အရသဲများ လောင်းထည့်ပြုပြင်နေမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ စေတီတော်၏ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များရှိ ရတနာပစ္စည်းတော်များအား စနစ်တကျ မှတ်တမ်းပြုစုထားရှိရေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်ရှိ မဟာသုန္ဒရာ ရာမပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အနန္တဂုဏ်ရည်ငါးထပ်ဓမ္မဗိမာန်တော်ကြီး၏ ခေါင်မိုးများနှင့် အမိုးကိုင်းမျက်နှာကြက်များ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများ အားလည်းကောင်း၊ ကျောင်းအတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မဟာလောကထွဋ္ဌခေါင်စေတီတော်အား ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ မင်းရဲဆည်အတွင်း၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် Kyaukse Rescue (လူမှုကယ်ဆယ်ရေးအဖွဲ့)မှ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Speed Boat မောင်းနှင်လေ့ကျင့်မှုနှင့် ရေပြင်အသက်ကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်များအတွက် မြေပြင်၌ အမှန်တကယ်လက်တွေ့ အသုံးချနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မှာကြားကာ လေ့ကျင့်ဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ရွာနိုင်ရပ်ကွက်ရှိ ရွှေကျီးနားကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအားပြန်လည်ပြင်ဆင်ဆောက်လုပ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ စဉ့်ကိုင်မြို့နယ်ရှိ ဘောဂဗလပလတ်စတစ်ဘူးခွံစက်ရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုအခြေအနေများအားလည်းကောင်း၊ ကျောက်ဆည်မြို့အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပဲခူး ဇွန် ၅**

ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပဲခူးမြို့နယ်ရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂ ရက်က ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက တည်ဆဲအခွန်ဆိုင်ရာ



ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား ရှင်းလင်းတင်ပြခဲ့ပြီး အခွန်ထမ်းများက သိရှိလို၍ မေးမြန်းခဲ့မှုများအပေါ် ပဲခူးမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင့်ထူး(လက်ထောက်ညွှန်ကြားရေးမှူး)က ဖြေကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အခွန်ထမ်းလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဟင်္သာတမြို့နယ်၌ သစ်စိမ်းမြေသြဇာထည့်သွင်းခြင်းအခမ်းအနား ပြုလုပ်

**ဟင်္သာတ ဇွန် ၅**

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ် တလုတ္တော်မြို့အမှတ်(၂)ရပ်ကွက်ရှိ တောင်သူ ဦးညွန့်ဝင်းလှိုင်ပိုင် လယ်မြေခြောက်ဧက၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)ထယ်ထိုးထည့်သွင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

ဦးစွာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးမျိုးမြင့်နှင့် မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးစောဝင်းရွှေတို့က သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)ထည့်သွင်းခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူ ဦးညွန့်ဝင်းလှိုင်၏ လယ်မြေ၌ စိုက်ပျိုးထားသော သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)များအား လက်တွေ့ထယ်ထိုး ထည့်သွင်းသရုပ်ပြသခဲ့ရာ တာဝန်ရှိသူများနှင့် တောင်သူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုဇော်(ဟင်္သာတ)**



❖ MNL မှ

ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့် ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက Dagon Port အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဟံသာဝတီယူနိုက်တက် အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ ဒုတိယ မြောက် နိုင်ပွဲရရှိခဲ့သည်။ ခုနစ်ပွဲစီကစားအပြီး တွင် ဟံသာဝတီယူနိုက်တက်အသင်းက ခုနစ်မှတ်၊ Dagon Port အသင်းက တစ်မှတ် ရရှိထားသည်။ ဇွန် ၆ ရက်တွင် ဗဟန်းမြက်ခင်း တုကွင်း၌ Falcon အသင်းနှင့် ရတနာပုံ အသင်း၊ ပဒုမ္မာကွင်း၌ ရောဝတီယူနိုက်တက် အသင်းနှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

**အမည်ပြောင်း**

တပ်ကုန်းမြို့ အောင်သာ မူလတန်းလွန်ကျောင်း Grade-5 တွင် တက်ရောက် ပညာသင်ကြား လျက်ရှိသော အဖ ဦးကိုကိုထွန်း [၉/တတဥ(နိုင်)၁၀၃၂၇၇]၏ သမီး မထူးဝင့်သံစဉ်ချို အား မယွန်း မြင့်မိုရ်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးကိုကိုထွန်း**

❂ ကျောဖုံးမှ

သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ နိုင်ငံတကာ ပွဲစဉ်စုစုပေါင်း ၂၂၀ မှာ သွင်းဂိုး ၁၃၇ ဂိုးအထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ လက်ရှိမှာ ကစားသမား ဘဝတစ်လျှောက်သွင်းဂိုး ၁၀၀၀ ပြည့်ရန် ၆၃ ဂိုးသာ လိုတော့ ပြီး သွင်းဂိုး ၁၀၀၀ ပြည့်မြောက်မယ့် ပထမဆုံးကစားသမား ဖြစ်လာဖို့လည်း နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ ၂၀၁၉ ခုနှစ်အတွင်းက ယူအီး အက်ဖ်အေနေးရှင်းလိဂ်ဖလားကို ပထမဆုံးအကြိမ် ရယူ ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ပေါ်တူဂီအသင်းအနေနဲ့ ဂျာမနီ အသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ နှစ်ပေါင်း ၂၅ နှစ်တာကာလ အတွင်း ပထမဆုံးအကြိမ် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ ဂျာမနီအသင်းကို အနိုင်ရပြီး ယူအီးအက်ဖ်အေနေးရှင်းလိဂ်နောက်ဆုံး ဗိုလ်လုပွဲတက်လှမ်း ခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ပြင်သစ် အသင်းနဲ့ စပိန်အသင်းတို့ ဆီမီးဖိုင်နယ်ပွဲစဉ်က အနိုင်ရရှိ တဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး နောက်ဆုံးဗိုလ်လု ပွဲစဉ်ကို ဇွန် ၉ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။

**ငွေကြယ်**

☆ ONE မှ

ခွန်ပွန်နို့ငိမှာမူ ONE နှင့် ခုနစ်ပွဲထိုးသတ်ထားရာ ငါးပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးပွဲတွင် မြန်မာဖိုက်တာ ဆွန်ရက်ကို အမှတ်ဖြင့် အနိုင်ရထားသည်။

ယခုနောက်ပိုင်းကျင်းပသည့် ONE Friday Fights ပြိုင်ပွဲတွင် မြန်မာဖိုက်တာများ၏ တွဲဆိုင်းများ ဆက်တိုက်ပါဝင် နေသည်။

**သတင်း-ထွဏ်းသွေးအိမ်**

**ဓာတ်ပုံ-ONE Championship**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ မိုးရာသီနှင့်သက်ဆိုင်သည့် ခေတ်ပေါ်စတီရီယို တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"မိုးဝသန်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် (၆-၆-၂၀၂၅)ရက်(သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများ အား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြား ပါသည်-

**(၆-၆-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "မိုးဝသန်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိုးဘယ်မှာရွာနေလဲ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | မျက်ရည်မိုး | ဌာနအဆိုရှင် |
| ၃။ | ကြာရွက်ထီးကလေးအောက်မှာ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | အသည်းဖျက်မဲ့မိုး | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | ရက်စက်တယ်မိုး | ပြင်ပအဆိုရှင် |
| ၆။ | ဆယ်လမွန်ငါးတို့အပြန် | ပြင်ပအဆိုရှင် |
| ၇။ | ရွာမယ်ဆိုရင်လေ | ပြင်ပအဆိုရှင် |
| ၈။ | အချစ်မိုး | ပြင်ပအဆိုရှင် |
| ၉။ | ဒီမိုး | ပြင်ပအဆိုရှင် |
| ၁၀။ | အချစ်ဦးရေသိပါစေ | ပြင်ပအဆိုရှင် |

# ဒုတိယဝန်ကြီးဦးဝင်းရှိန် လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံနှင့် သင်တန်းကျောင်းများအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၅**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာဌာနများမှ တာဝန်ခံအရာထမ်း များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ငွေပင်လယ်စက်မှုဇုန်ရှိ Hanfex Co., Ltd. အထည်ချုပ် စက်ရုံလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက CMP လုပ်ငန်းများအပါအဝင် စက်ရုံ၊ အလုပ်ရုံများ ဖွံ့ဖြိုး တိုးတက်စေရေး ကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ အလေးထားကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းခွင်တည်ငြိမ် အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေး အတွက် အလုပ်သမားရေးရာညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်၊ စက်ရုံအလုပ်သမား အဖွဲ့အစည်း၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC)၊ လုပ်ငန်းခွင်ဘေးအန္တရာယ်



ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများသည် အလုပ်သမားရေးရာဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်၍ လုပ်သားများ သက်သာချောင်ချိမှု နှင့် လုပ်မှုကာကွယ်စောင့်ရှောက်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန် စေတနာထားပြီး ယုံကြည်မှုရှိရှိဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ VDM Skills Training Center သို့ရောက်ရှိရာ သင်တန်းကျောင်းတာဝန်ခံက ဂဟေဆက်အလုပ်အကိုင်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှု၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) အသိအမှတ်ပြုလက်မှတ် ရရှိထားမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် ဒုတိယဝန်ကြီးက အရည်အသွေး ပြည့်မီသော သင်တန်းများဖြစ်စေရေး၊ ကျွမ်းကျင် လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်ရေးနှင့် သင်တန်း ဆင်းများကို အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိ အမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေး ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ရန် မှာကြား၍ သင်တန်း ဖွင့်လှစ်ပို့ချနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြား စေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေး ယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒ ဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွား မည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ကာယံ" TikTok အကောင့် ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး မြို့နယ် အမှတ်(၇) ရပ်ကွက်နေ လင်းလင်းထွန်းအား မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ် တွင်လည်းကောင်း၊ "Shwe Zin Khaing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်း ကျေးရွာနေ ရွှေဇင်ခိုင်(ခ)ရွှေဇင်အား ည ၉ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇွန် ၅**

မြန်မာ ယူ-၁၉ အမျိုးသမီး လူငယ်လက်ရွေးစင်အသင်းသည် ၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် အုပ်ချုပ်/ နည်းပြအဖွဲ့ဝင် ကိုးဦး၊ ကစားသမား ၂၃ ဦး လိုက်ပါသွားမည်ဖြစ်ပြီး အုပ်ချုပ်သူ ဒေါ်နွယ်နီဦး၊ နည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ လ/ထနည်းပြ ဦးသက်ပိုင်ဦး၊ ဒေါ်ခင်မိုးဝေး၊ ဂိုးနည်းပြ ဦးကို ကိုအောင်၊ ကစားသမားများအဖြစ် ဂိုးသမား သူဇာအောင် (သစ္စာ အားမာန်)၊ ပန်းနုဝေ (ရောဝတီ)၊ လှလှထွေး (YREO)၊ နောက်တန်း ယုယုနိုင်၊ မင်းမင်းနု၊ ယမင်းဖြူ (ရန်ကုန်ယူနိုက်တက်)၊ သီရိနန္ဒာစိုး၊ အေးအေးစိုး (YREO)၊ ပင်မြင့်ယံ (Young Lionesses)၊ ခင်မိုးဝင်း၊ နိုင်နိုင်ဝင်း၊ သဲအိလှိုင် (ရောဝတီ)၊ အလယ်တန်း ကေသွယ်ဖြိုးဦး၊ ယဉ်လွန်းအိမ်၊ စန္ဒာလင်း (အား/ ကာသိပ္ပံ)၊ ဒေစီအောင်၊ နန်းချိုမွှေး (ရန်ကုန်ယူနိုက်တက်)၊ ဝင်းစန္ဒာ (ရှမ်းယူနိုက်တက်)၊ ရှေ့တန်း အိသက်ဖြိုး (YREO)၊ မိုးပွင့်ဖြူ (အား/ကာသိပ္ပံ)၊ စုစုခင် (ရောဝတီ)၊ နှင်းစန္ဒာဝင်း (ရန်ကုန်တိုင်း)၊ ယုယနိုင် (ရှမ်းယူနိုက်တက်) တို့ ပါဝင်ကြသည်။

အာဆီယံ ယူ-၁၉ အမျိုးသမီး ပြိုင်ပွဲကို ဇွန် ၉ ရက်မှ ၁၈ ရက် အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်း မြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ အသင်းသည် အုပ်စု (က) တွင် ဗီယက်နမ်၊ လာအို၊ တီမော အသင်း တို့နှင့် ပါဝင်နေသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပြိုင်ပွဲဝင်ရန် ဇွန် ၆ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာမည် ဖြစ်သည်။ **သတင်း-ချစ်ကိုကို**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ရန်ကုန်တိုင်းဒေသကြီး မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဖိတ်ခေါ်စာပေပြိုင်ပွဲ

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှကြီးမှူး၍ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အနေဖြင့် ကဗျာဘာသာရပ်၊ ဆောင်းပါးဘာသာရပ်၊ ဝတ္ထုတိုဘာသာရပ်ဟူ၍ ဘာသာရပ်သုံးမျိုး ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်။

(က) ကဗျာဘာသာရပ်အတွက် မြန်မာ့ဂန္ထဝင်ကဗျာဖွဲ့ဆိုပုံနည်းစနစ်အတိုင်း ရေးဖွဲ့ထားသောကဗျာ ဖြစ်ရမည်။ ပါဒ(၂၀၀)မှ (၃၀၀)အထိ ရေးဖွဲ့နိုင်သည်။ လေးလုံးစပ်ကဗျာတွင် စာလုံး(၄)လုံးသည် တစ်ပါဒဖြစ်၍ အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။

(ခ) ဆောင်းပါးဘာသာရပ်တွင် A4 စာမျက်နှာ အနည်းဆုံး(၇)မျက်နှာ၊ အများဆုံး(၁၀)မျက်နှာထက်မပိုရန်။

(ဂ) ဝတ္ထုတိုဘာသာရပ်တွင် A4 စာမျက်နှာ အနည်းဆုံး(၇)မျက်နှာ၊ အများဆုံး(၁၀)မျက်နှာထက်မပိုရန် သတ်မှတ်ထားသည်။

(ဃ) ဘာသာရပ်တိုင်းတွင် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်မှုဆိုင်ရာအကြောင်းအရာများနှင့် အမျိုးသမီးကဏ္ဍအရေးပါပုံများကို ရေးဖွဲ့ရန်၊ ကိုယ်တိုင်ရေးဖွဲ့ခြင်းဖြစ်ကြောင်း၊ အခြားမည်သည့်ပြိုင်ပွဲတွင်မျှ ဆုရဖူးခြင်းမရှိသောစာမူ ဖြစ်ကြောင်းနှင့် မည်သည့် မဂ္ဂဇင်း/စာစောင်များတွင်မျှ ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။ အမည်ရင်းအပြင် အခြားကလောင်ခွဲများပါ ပြည့်စုံစွာ ဖော်ပြရမည်။

(င) ဘာသာရပ်တိုင်းအတွက် ပထမဆု ၁၀၀၀၀၀၀ိ/-(ဆယ်သိန်းကျပ်တိတိ)၊ ဒုတိယဆု ၇၀၀၀၀၀ိ/-(ခုနစ်သိန်းကျပ်တိတိ)၊ တတိယဆု ၅၀၀၀၀၀ိ/-(ငါးသိန်းကျပ်တိတိ)နှင့် အထူးဆု ၂ ဆုအတွက် ၃၀၀၀၀၀ိ/-(သုံးသိန်းကျပ်တိတိ)စီ ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် မည်သည့်အသက်အရွယ် မရွေး အမျိုးသား၊ အမျိုးသမီးများမဆို ပါဝင်ရေးသား ယှဉ်ပြိုင်နိုင်ပါသည်။

(စ) ပြိုင်ပွဲဝင်သူများသည် သုံးလအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ ကိုယ်ရေးရာဇဝင်အကျဉ်း ဖော်ပြပါရှိရမည်ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ - ပြည့်စုံစွာဖော်ပြပါရှိရမည်ဖြစ်ပါသည်။ စာမူများကို တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ စာမူ(၃)စောင် ပေးပို့ရမည်ဖြစ်ကြောင်း၊ ဆုမရရှိသည့်စာမူများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်စာမူများကို ၂၁-၆-၂၀၂၅ ရက်နေ့နောက်ဆုံးထား၍ 09-772222900 MGL Delivery Door to Door Service သို့ ဆက်သွယ်၍ **၂၀၂၅ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ** အမှတ်(၄၆/၄၇)၊ မြိုင်ဟေဝန်အိမ်ရာ၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု လိပ်မူ၍ ပေးပို့ကြရမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်နောက်ကျသောစာမူများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

(ဇ) သိရှိလိုသည့်အချက်အလက်များနှင့် မရှင်းလင်းသည့်အချက်အလက်များကို ဖုန်းနံပါတ်-09-777013506 သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး ဆုရရှိသူများကို အချိန်မီ ပြန်လည်ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်၊ ဧယျာ(၅)လမ်း၊ အမှတ်(၂၆၆)ဟုခေါ်တွင်သော အလျားxအနံ(၂၇'x၆၀')ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရေ/မီးစုံ (၂)ထပ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါ်ချိုမြတ်မွန် [၁၂/ကတန (နိုင်) ဝ၈ဝ၉၅၂] ကိုင်ဆောင်သူက ၎င်းပိုင်ဆိုင်ကြောင်းဝန်ခံလျက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မူမူစိန် [၁၂/ကတန(နိုင်) ဝ၄၄၉၇၉]ကိုင်ဆောင်သူအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုသူရှိပါက ဤကြေညာစာပါသည့်နေ့ရက်မှစ၍ ရက်ပေါင်း(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုနေ့ရက်ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မူမူစိန်**
**[၁၂/ကတန (နိုင်) ဝ၄၄၉၇၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်နိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂ဝ၉၅)**

**အမှတ်(၁၂/ခ)၊ မင်းကျောင်းလမ်း၊ အနောက်ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-25412547**

### ကန့်ကွက်ပိုင်ခွင့်ရှိကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ အမှတ်(၁-က)၊ မြေကွက် အမှတ် (၅၇/ခ - ၃) လိပ်စာပါ မြေပေါ်ရှိ ဒေါ်ထားထား ပိုင်ဆိုင်သော တိုက်ခန်းမြေပိုင်ဆိုင်မှုနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား -

(၁) ဒေါ်စန္ဒာအောင် (ဘ) ဦးအောင်ထူး [၁၂/ရကန(နိုင်)ဝ၄၄၂၁၄]
(၂) ဒေါ်သီတာအောင် (ဘ) ဦးအောင်ထူး [၁၂/ရကန(နိုင်)ဝ၄၃၆၂၄]
(၃) (ဦးထက်ဝေမင်းထွန်း (ဘ) ဦးသန်းထွန်း ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်ဆုရည်ဖြိုး (ဘ) ဦးထွန်းဝင်း [၁၂/သဃက(နိုင်)၁၅၉၁၆၉]တို့မှ

မိသားစုအမွေခွဲဝေစီမံမှု သဘောတူကတိစာချုပ် ချုပ်ဆိုခဲ့ကြပြီး မိမိတို့၏အကျိုးခံစားခွင့်များအား ခွဲဝေသတ်မှတ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အမွေခွဲဝေစီမံမှု သဘောတူညီချက်နှင့် ပစ္စည်းရပ်များအပေါ် တားမြစ်ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤမိသားစုအမွေခွဲဝေစီမံမှုသဘောတူစာချုပ်ပါ အချက်အလက်များမှာ အတည်ဖြစ်ကြောင်းနှင့် သက်ဆိုင်သူများမှ ကတိကဝတ်များအား ချိုးဖောက်မည်မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးဦး**
**အထက်တန်းရှေ့နေ (LL.B)**
**စဉ် - ၃၈၄၇၃ (၁၂- ၃ -၂၀၁၂)**
**အမှတ်(၉)၊ ကျိုက္ကဆံဘုရားလမ်း၊ ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-ဝ၉- ၉၄၅၉၆၅၁၅၅၊ ဝ၉-၅၁၉၁၇၉၂**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၆)၊ ဓမ္မလောကလမ်း၊ မြေကွက်အမှတ်(၃၆၄)၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်မိမိ အမည်ပေါက်သည့် ပါမစ်မြေနှင့် အိမ်၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)မြေကွက်နှင့် အိမ်အား အရောင်း အဝယ်စပ်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဥပဒေနှင့်အညီ လက်ရှိထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဦးရဲစိုးလှ [၁၂/ဗဟန(နိုင်) ဝ၅၆၄၁၃]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဥက္ကာအေး (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၄၁/၁၄-၆-၂၀၁၈)**
**အမှတ်-၇၇၆၊ ဆည်မြောင်း-၅ လမ်း၊ ၁၃-ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ဝ၉၄၂ဝဝဝ၄၂၆၉**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ (ယခင်)အမှုထမ်းရပ်ကွက်၊ (ယခု)အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်တောက်ထိန်လမ်း၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(က/၂၅-ဂရန်မှတ်သားချက်)၊ ဦးပိုင်အမှတ်(ခ/၂၅/၄၈- စာရင်းမြေပုံမှတ်သားချက်)၊ မြေကွက်အမှတ်(ထ/၁၂၀)၊ ဧရိယာ(ဝ.ဝ၅၆) ဧက အကျယ်ရှိမြေမှာ ဂရန်အမှတ်အမှတ်-RPNO 261 V/1990-1991 အရ ဦးကျော်ညွှန့် အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်ပိုင်ရှင် ဦးကျော်ညွှန့်နှင့် ဒေါ်သိန်းဦးတို့မှာ တရားဝင် အကြင်လင်မယားများတော်စပ်ကြ၍ ရခိုင်လူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပါသည်။ ဦးကျော်ညွှန့်သည် (၇-၈-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သွားခဲ့သဖြင့် အထက်ဖော်ပြပါ ဧရိယာ(ဝ.ဝ၅၆)ဧကအကျယ်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ဒေါ်သိန်းဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ စာချုပ်ချုပ်ဆိုမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်မာသည့် တရားဝင် စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ် - ၈၉၄၉/၂၀၁၃)**
**ဝ၉ - ၄၂ဝ၅၃၁၁ဝ**

**ဒေါ်ခိုင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ် - ၉၇၃၄/၂၀၁၄)**
**ဝ၉ - ၄၂ဝ၅၃၁ဝ၁**

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၅၁)ရပ်ကွက်၊ လှော်ကားလမ်းမကြီးမှ လမ်းသွယ်ရှိ မြေကွက်အမှတ်(၁၈၇၃)၊ အကျယ်အဝန်း(၄ဝx၆ဝ)စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးမင်းသူအောင်[၁၂/ဒဂတ(နိုင်)ဝ၅၁၄၅၄]မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင်ထွန်း၊ ဒေါ်ရီရီထွန်းတို့မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းတို့နှင့် တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်းကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ထွန်း၊ ဒေါ်ရီရီထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းနုစိုး(LL.B, D.B.L, D.M.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂၁)**
**ဒေါ်ခင်ခင်ဆွေ (LL.B, WIPO (Switzerland)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆)**
**ဒေါ်အိအိပိုင်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၃ဝ)**

**အမှတ်(၁၆ဝ)၊ ဒုတိယထပ်၊ (၃၄)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-ဝ၉-၈၈ဝ၁၅၅၅၁၆၊ ဝ၉-၄၂ဝ၁၃၅၈၈၊ ဝ၉-၇၉၉၂၄၇၇၆၃**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅ဝ)၊ မြေကွက်အမှတ် ၁၉၈(၇)၊ အကျယ်အဝန်း(၄ဝပေx၆ဝပေ)ရှိ ဒေါ်စန်းရင်(I/TBN-ဝ၃၉၁၇၄)အမည်ပေါက် ပါမစ်မြေကွက်အား ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးငြိမ်းချမ်းအောင် [၆/ငသရ(နိုင်)ဝဝ၁၆၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဆွေသန်း ( LL.B, D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၂၇ဝ)**
**အမှတ်-၅ဝ၊ ဘဏ်လမ်း။ ပထမထပ်၊ အခန်း (A-7/8)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ဝ၉-၄၂ဝဝ၅၇ဝဝ၊ (Viber) ဝ၉-၇၉၅၅၂၁၇၈**

### ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၁၇)ရပ်ကွက်၊ ရောလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(အပိုင်း-၅)၊ မြေကွက်အမှတ်(၃၅၂)၊ ဦးမြင့်ဋ္ဌေးအမည်ပေါက် နှစ်(၆ဝ)မြေငှားဂရန်(မူရင်း)၊ မြေအကျယ်အဝန်း အလျား(၆ဝ)ပေxအနံ(၆ဝ)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ အပါအဝင် ရေ၊ မီး အပြည့်အစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမြင့်ဋ္ဌေး(ခ)မိန်ဖက် (ဘ)ချင်လန်ဖောင်[၁၂/လမန(နိုင်)၁၃၉၆၂၅]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးစိုးမိုးကျော်(ဘ)ဦးပြုံးချို[၁၂/မရက(နိုင်)၁၂၂၉၅၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ)တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟုအဆိုရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက် အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ညိမ်းညိမ်းထွေး (LLB.DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၅)**

**ဒေါ်အေးငြိမ်းသူ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၂၃၉)**

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ဝ၉-၇၉၃၉၆၇၂၈၄**

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

## ဖခင်အမည်မှန်

ပြင်ဦးလွင် မြို့နယ်၊ ဇီးပင်ကြီးကျေးရွာနေ မောင်သားညီ [၉/ပဥလ (နိုင်) ၁၁၉၉၉၀]၏ ဖခင်အမည်မှန်မှာ ဦးညာလိန္ဒ ဖြစ်ပါကြောင်း။

**ဦးညာလိန္ဒ**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးမြို့နေ ကျွန်မ ဒေါ်သဒ္ဓါမိုးထက် [၉/မဟမ (နိုင်)၀၇၃၈၀၀]၏ မိခင် ဒေါ်လီလီခင်နှင့် ဒေါ်ဖူးလီတင် အမည် (၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**"ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-ဂျီ၊ မြေကွက်အမှတ် (၇၀-၄/၂)၊ ဧရိယာ (၀.၀၈၀)ဧကရှိ နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ငွေဝတ်မှုံလမ်းသွယ်၊ အမှတ် (70-L2) ဟုခေါ်တွင်သည့် အဆောက်အဦနှင့် အကျိုးခံစားခွင့်များ"**ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိထားသူ **ဦးရန်နိုင် [၁၃/တကန(နိုင်)၀၈၀၃၁၅]**ထံမှ ကျွန်ုပ်မိတ်ဆွေ **ဒေါ်ဘောမ်ဆန့် [၁/ဝမန(နိုင်)၀၄၃၉၃၀]**က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ညွှန်ကြားချက်ဖြင့် -**
**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၅)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၇၅၁၃၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ(၂၃)၊ မြေကွက်အမှတ်-(၁၀၀၇)၊ ဧရိယာ (၄၀'x၆၀') အကျယ်အဝန်းရှိသော ဦးကိုကိုနိုင် အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ဇော်မိုး [၅/ယမပ(နိုင်)၀၂၇၂၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာမာအေး [၁၀/ရမန(နိုင်)၁၈၆၀၈၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ယခု မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂/၂၇-၄-၂၀၂၀)**
**တိုက်အမှတ်-(၈)၊ အခန်းအမှတ်-၂၃၊ ကြီးပွားရေးအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ် (၇၀)မောင်ငံ၊ ဦးပိုင်အမှတ် (၃၇/ဃ)၊ ဧရိယာ (၀.၀၂၇)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်(၇၁၅/အေ)၊ (၇) အ.ထ.က ကျောင်းလမ်း၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အဦနှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန မှတ်ပုံတင်(၁-က)စာရင်းတွင် ဦးဝင်းရှိန် အမည်ပေါက်ပါသည်။ ဦးဝင်းရှိန်နှင့် ဇနီးဖြစ်သူ ဒေါ်သန်းတင်(ခ)ဒေါ်တင်တို့ ကွယ်လွန်သွားသဖြင့် အမွေစားအမွေခံ သား/သမီး (၃)ဦးဖြစ်သော ဒေါ်ခိုင်ခိုင်မော်၊ ဦးဆန်းဝင်း နှင့် ဒေါ်ကေသီဝင်း (ခ) ဒေါ်ကေသီတို့ (၃)ဦးက "အိမ်နှင့်မြေကွက် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်- ၁၇၉/ ၂၀၂၄ အရ ပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ ပိုင်ဆိုင်ပြီးနောက် ဒေါ်ခိုင်ခိုင်မော်နှင့် ဒေါ်ကေသီဝင်း(ခ)ဒေါ်ကေသီတို့(၂)ဦးက ဦးဆန်းဝင်းသို့ "အပြီးအပိုင်စွန့်လွှတ်ပေးသည့်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်- ၁၉၁/၂၀၂၄ အရ စွန့်လွှတ်ပေးခဲ့ကြပါသည်။ ယခုအခါ ဦးဆန်းဝင်းက ၎င်း၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးဆန်းဝင်းမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ် (၆၉)မောင်ငံ၊ ဦးပိုင်အမှတ် (၁၆၂/ဃ)၊ ဧရိယာ (၀.၀၀၂)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့်ကပ်လျက် ဦးပိုင်အမှတ် (၁၆၃/က)၊ ဧရိယာ (၀.၀၁၇)ဧကရှိ ဘိုးဘွားပိုင်မြေကွက်တို့နှင့် ၎င်းမြေကွက်တို့ပေါ်ရှိ အမှတ်(၃၇)၊ သုခလမ်း၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့ ဟုခေါ်တွင်သော နေအိမ်အဆောက်အဦနှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန မှတ်ပုံတင်(၁-က)စာရင်းတွင် ဦးဇာကီ အမည်ပေါက်ပါသည်။ ဦးဇာကီနှင့် ဇနီးဖြစ်သူ ဒေါ်ဇလေခါတို့ ကွယ်လွန်သွားသဖြင့် အမွေစားအမွေခံသား/သမီး (၂)ဦးဖြစ်သော ဒေါ်မိချို နှင့် ဦးသန်းထွန်းတို့ (၂)ဦးက "အိမ်နှင့်မြေကွက်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်- ၉၆/၂၀၂၅ အရ ပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းတို့(၂)ဦးထံမှ ဦးဘချိုက "အိမ်နှင့်မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် - ၂၃၄/၂၀၂၅ အရ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ ယခုအခါ ဦးဘချိုက ၎င်း၏အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးဘချိုမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲ ပေးရန်လျှောက်ထားလာခြင်း အပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ အမှတ် (၂၉) နေထိုင်သူ အဖ ဦးနေပိုင်ဦး [၁၂/မဂတ(နိုင်)၀၉၆၉၆၂]၏ သားဖြစ်သူ အ.ထ.က(၅) ဗိုလ်တထောင်မြို့နယ်၌ Grade-5 တွင် ပညာသင်ကြားနေသော မောင်မြတ်ကောင်းသန့်ပိုင်အား မောင်မြတ်ကောင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

## သွေးသည် အသက်

## သက်ဆိုင်မှုမှုမရှိကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အိမ်အမှတ်(၄၂၈)နေ အဖ ဦးချားလ်(စ်)၏ သမီးဖြစ်သူ မအယ်နာမြတ်နိုးပွင့် [၁၂/လသယ(နိုင်)၁၀၄၂၄၉] သည် ဦးလေး၊ အဒေါ်နှင့် ညီအစ်ကိုမောင်နှမများကို လုံးဝမငဲ့ညှာဘဲ မိမိသဘောဆန္ဒအလျောက် ၃၀-၅-၂၀၂၅ရက်နေ့တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဦးလေး၊ အဒေါ်၊ ညီအစ်ကိုမောင်နှမများနှင့် မသက်ဆိုင်တော့ပါကြောင်း၊ နောက်နောင် မအယ်နာမြတ်နိုးပွင့်နှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအိုက်ဗင် (ဦးလေး)**
**ဦးဆဲမ်ဇင်ဇော်ဦး (အစ်ကို)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၉)၊ မဟာမြိုင်လမ်း၊ မြေကွက်အမှတ်(၆၆၁/က)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်ငွေအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မိုးဝင်း [၈/နမန(နိုင်)၁၃၉၄၇၉]ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမိုးခိုင် [၇/သဝတ(နိုင်)၀၂၃၀၂၂]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၇၇၂၉၁၇၇၅၊ ၀၉ ၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၈)၊ မြေကွက်အမှတ်(၅၃၆)၊ အကျယ်အဝန်း (၄၀'x၆၀')ရှိ**ဦးအေးထွန်း** [၁၂/တမန(နိုင်)၀၁၂၇၈၉] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်၊

(၂) မြေကွက်အမှတ်(၅၃၇)၊ အကျယ်အဝန်း (၄၀'x၆၀')ရှိ **ဦးဝင်းဟန်** (ISN-၅၅၇၀၃၉) အမည်ပေါက် ပါမစ်မြေကွက်၊

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးဇော်လင်းဦး** [၁၃/မဆတ (နိုင်) ၀၄၆၆၇၄]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးရဲဇော်** [၇/ပခန(နိုင်) ၃၇၃၉၀၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၇၅)၊ မြေကွက်အမှတ်(၆)၊ ဧရိယာ (၀.၁၆၈)ဧက၊ (၁)ရပ်ကွက်၊ အောင်မြေသာစည် (၂)လမ်း၊ ခြံအမှတ်(၆) မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ပိုင်ရှင်ဖြစ်သူ မရှုတီ(ခ)တီတီလေး [၁၂/လမတ(နိုင်)၀၀၇၃၃၀]ထံမှ ကျွန်ုပ် မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးကျော်နိုင်ဦး(ဥပဒေဘွဲ့) (စဉ်– ၈၇၆၂)** — **ဒေါ်ကျော့ကျော့စံ (ဥပဒေဘွဲ့) (စဉ်– ၁၃၄၈၅)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၅၅)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-965499925, 09-777505737**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ ဧရာ (၄)လမ်း၊ မြေကွက်အမှတ်(၇၆၂)၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ ဦးဇော်ဝင်း၊ ဦးစန်းမြင့်၊ ဦးအေးကြည်တို့ (၃)ဦးအမည်ပေါက်၊ (၄၀x၆၀)ရှိသော မြေကွက် အတွင်း(အလယ်နေရာ)မြေကွက်အကျယ်အဝန်း (အလျား ၁၃ပေ ၄လက်မx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ရှင် (၃)ဦးအနက်မှ ဦးစန်းမြင့်၏သားသမီးများဖြစ်ကြသော ဦးစန်းအေး [၁၂/ဥကမ (နိုင်) ၁၀၂၆၉၇]၊ ဦးတင်ဝင်း [၁၂/ဥကမ (နိုင်) ၁၀၂၈၉၆]၊ ဒေါ်သန်းသန်းမြင့် [၁၂/ဥကမ (နိုင်) ၂၀၇၅၄၃]၊ ဒေါ်ကေသီခိုင် [၁၂/ဥကမ (နိုင်) ၁၆၇၀၄၅]တို့မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်အောင် [၁၂/ဥကမ (နိုင်) ၁၆၂၉၀၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက် အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးကလျာဦး**
**LL.B, D.B.L, DL.101, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၁၈၃)**
**အမှတ်(၁၈၅)၊ မြေညီထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– 09-254255734, 09-32322187**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်– ၃၂၊ မြေကွက်အမှတ်– ၅၃၁၊ မြေကွက်အကျယ် (ပေ ၄၀ x ပေ ၆၀) အကျယ်ရှိ ဒေါ်သန်းသန်းနွဲ့ (V/RGN ၀၀၁၇၂၂) အမည်ပေါက် မြေချပါမစ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၂၊ မြေကွက်အမှတ်– ၅၃၂ မြေကွက်အကျယ် (ပေ ၄၀ x ပေ ၆၀) အကျယ်ရှိ ဦးသန်းထွန်း (SRM–၀၀၄၄၄၉) အမည်ပေါက် မြေချပါမစ်၊ မြေကွက်နှစ်ကွက် အရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှစ်ကွက်အား တရားဝင်လွှဲပြောင်းရောင်းခွင့်ရှိသူ ဝန်ခံကတိပြုသူ ဒေါ်စမ်းစမ်းမိုး [၁၂/ဥကတ(နိုင်)၀၅၄၇၆၀]က တရားဝင် ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် လက်ဝယ် ထားရှိပိုင်ဆိုင်ရရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဖြူ (LLB, DBL, DIL, DML) တရားလွှတ်တော်ရှေ့နေ(စဉ် – ၈၉၃၂)**
**အမှတ်– ၅၁၊ နီဗိန္ဒလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၅၀၈၆၁၈၄**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၉)ရုံတွင် အသုံးပြုရန် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရန်ပစ္စည်း (၁၆)မျိုး ဝယ်ယူခြင်းအား အောက်ဖော်ပြပါ အတိုင်း (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည် –

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | Tender No. 16(T)/EPGE (REHP)/ 2025–2026 | ဖြူးချောင်း၊ မြို့ကြီးနှင့် ရာဇဂြိုဟ် ဓာတ်အားပေးစက်ရုံတို့အတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရန်ပစ္စည်း (၅)မျိုး ဝယ်ယူခြင်း။ |
| ( ခ ) | Tender No. 17(T)/EPGE (REHP)/ 2025–2026 | ဆည်တော်ကြီး၊ ဇော်ဂျီ (၁၊ ၂)၊ မုန်းချောင်းနှင့် ခပေါင်းဓာတ်အားပေး စက်ရုံတို့အတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရန်ပစ္စည်း (၇)မျိုးဝယ်ယူခြင်း။ |
| ( ဂ ) | Tender No. 18(T)/EPGE (REHP)/ 2025–2026 | နန်ချိုဓာတ်အားပေးစက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာစက်အရန် ပစ္စည်း (၄)မျိုး ဝယ်ယူခြင်း။ |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ တင်ဒါစတင်ရောင်းချမည့်ရက် – (၅–၆–၂၀၂၅)ရက်မှ (၁၈–၆–၂၀၂၅)ရက်အထိ

၄။ တင်ဒါရောင်းချမည့်အချိန် – (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ

၅။ တင်ဒါပိတ်ရက်နှင့် အချိန် – (၁၉–၆–၂၀၂၅)ရက်နေ့၊ (၁၃:၀၀)နာရီ

၆။ တင်ဒါရောင်းချမည့်နေရာ – လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

၇။ တင်ဒါလက်ခံမည့်နေရာ – လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်၊ သင်တန်းကျောင်း၊ (လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း၊ မော်တော်ယာဉ်ဌာန)

၈။ တင်ဒါပုံစံများအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း– ၀၉–၄၄၈၅၃၃၈၉၄)**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ သီလဝလမ်း၊ အမှတ်(၁၂၀၁)၊ မြေကွက် အမှတ် (၄၀၃/၁၂၀၁)ရှိ အကျယ် ပေ(၂၀x၆၀) မြေနှင့် မြေပေါ်ရှိ အဆောက် အဦနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရောင်းအဝယ်ပြုလုပ် ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်တိုးတိုးလွင်**
**[၉/သစန(နိုင်)၁၁၃၉၀၀]**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နီနီစိုး (စဉ်–၂၃၆၆/၈၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၆၁)၊ လယ်ယာရွှေမြေလမ်း၊**
**မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၁၉၀၈၇၄**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄၇)လမ်း (အပေါ်ဘလောက်)၊ အမှတ် (၁၃၃)နေ ဦးသိန်းအောင်(ခ)ဦးသိန်းမောင် [၁၃/တကန(နိုင်)၀၀၄၀၅၀]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်း သုံးစွဲရန်အတွက် စာချုပ်အမှတ်– ၄၁၃၀/၂၀၂၅ (၂၀–၅–၂၀၂၅) ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်–

Big Hunt

**စာချုပ်အမှတ်– ၄၁၃၀/၂၀၂၅ (၂၀–၅–၂၀၂၅)**

အထက်ဖော်ပြပါ **“Big Hunt”** ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ငါးမျှားကိုင်းတံ၊ ကြိုး၊ ငါးမျှားချိတ်၊ စက်သီး၊ ငါး ဖမ်းအရပ်မျိုးစုံ၊ ငါးဖမ်းလုပ်ငန်းနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်၍ ရန်ကုန်တိုင်းဒေသကြီးနှင့်တကွပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

ကျွန်ုပ်အမှုသည် မှတ်ပုံတင်သွင်းကြေညာထားသည့် **“Big Hunt”** အမှတ်တံဆိပ်၏ စာလုံးဒီဇိုင်းပုံတံဆိပ်များ၊ အမှတ်အသား များကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်း၊ ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းများ မပြုကြရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
|---|---|
| **ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀)** | **ဦးမင်းမင်း(စဉ်–၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်–၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်–၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်–၄၉၄၇၁)** |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း– ၀၉–၄၃၁၃၃၉၉၀၊ ၀၉–၅၁၈၀၁၈၅**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/ လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၁၉/မမ/CE | Grooved Rubber Pad (China) 114,000 Nos ဝယ်ယူရန် |
| ၂ | ၁၂၀/မမ/ CME(MIT) | Air con: ပါ အထက်တန်းလူစီးတွဲ(လေအိတ်ဘိုဂီ)(၃)တွဲနှင့် Air con: မပါ ရိုးရိုးတန်းလူစီးတွဲ (လေအိတ်ဘိုဂီ)(၂)တွဲ အသစ်တည်ဆောက်ခြင်းအတွက် လိုအပ်သော ပစ္စည်း (၈၁၀)မျိုး ဝယ်ယူရန် |
| ၃ | ၁၂၁/မမ/S&T | ရန်ကုန်မြို့ပတ် ရထားလမ်းတစ်လျှောက်ရှိ အဆင့်မြှင့်တင်ပြီးသော အချက် ပြနှင့်ဆက်သွယ်ရေးစနစ် ကြံ့ခိုင်ထိန်းသိမ်းရေး ဆောင်ရွက်ခြင်းလုပ်ငန်း |
| ၄ | ၁၂၂/မမ/CE | **တိုင်းအမှတ်(၇) ရန်ကုန်** မလွကုန်းစက်ခေါင်းစက်ရုံအတွင်း DEMU စက်ခေါင်းများထားရန် DEMU Pit ကျင်းအပေါ် (၃၈၀ ပေ) အမိုး၊ အကာတည်ဆောက်ခြင်း |
| ၅ | ၁၂၃/မမ/CE | မလွကုန်းဘူတာယာဒ်ဝန်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၅)ထပ် (တိုက်အမှတ်-၄) တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာ အပါအဝင်) (15755 Sft) [Pile (12" x 12") (၁၃၆) လုံး၊ ဂါလံ (၃၀၀၀၀) Ground Tank, 6" Ø Tube Well, Pump House, ဂါလံ (၅၀၀၀) Ground Tank, 50 Person Septic Tank (၂)လုံးနှင့် External Sewage Line အပါ] (နှစ်ဆက်လုပ်ငန်း) |
| ၆ | ၁၂၄/မမ/CE | မလွကုန်းဘူတာယာဒ်ဝန်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၅)ထပ် (တိုက်အမှတ်-၅) တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာ အပါအဝင်) (15755 Sft) [Pile (12" x 12") (၁၃၆) လုံး၊ ဂါလံ (၅၀၀၀) Ground Tank, 50 Person Septic Tank (၂)လုံးနှင့် External Sewage Line အပါ] (နှစ်ဆက်လုပ်ငန်း) |
| ၇ | ၁၂၅/မမ/CE | မလွကုန်းဘူတာယာဒ်ဝန်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၅)ထပ် (တိုက်အမှတ်-၆) တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာ အပါအဝင်) (15755 Sft) [Pile (12" x 12") (၁၃၆) လုံး၊ ဂါလံ (၅၀၀၀) Ground Tank, 50 Person Septic Tank (၂)လုံးနှင့် External Sewage Line အပါ] (နှစ်ဆက်လုပ်ငန်း) |
| ၈ | ၁၂၆/မမ/CE | မလွကုန်းဘူတာယာဒ်ဝန်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၅)ထပ် (တိုက်အမှတ်-၇) တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာ အပါအဝင်) (15755 Sft) [Pile (12" x 12") (၁၃၆) လုံး၊ ဂါလံ (၅၀၀၀) Ground Tank, 50 Person Septic Tank (၂)လုံးနှင့် External Sewage Line အပါ] (နှစ်ဆက်လုပ်ငန်း) |
| ၉ | 12(T)18/MR (ML/ NPT)/ Kyat/25-26 | စက်ပစ္စည်း(၅၇)မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ် (၁) (၂၀.၆.၂၀၂၅) နေ့လည် ( ၂:၃၀ )နာရီ
အမှတ်စဉ် (၂)မှ (၉)အထိ (၇.၇.၂၀၂၅) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၆.၆.၂၀၂၅)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ခ)ရပ်ကွက်၊ ခ/၅ လမ်း၊ တိုက်အမှတ် ၁၃၂– တတိယထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇ပေx ၅၄ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ၎င်းတိုက်ခန်း(၁)ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို ပိုင်ဆိုင်၍ လက်ဝယ်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးသန္တာထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက ဝယ်ယူရန်အတွက် (၄–၆–၂၀၂၅)ရက်နေ့တွင် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အဆိုပါတိုက်ခန်း ပိုင်ဆိုင်မှု နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြေညာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းယုယုမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၆၂၁)**
**အမှတ် (၉၃)၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၀၃၁၉၇၈**

## “ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၁၇၅)၊ တေးဥယျာဉ် (၂)လမ်း၊ (၇) ရပ်ကွက်တွင် နေထိုင်သော ဒေါ်သန္တာဝင်း (ဘ) ဦးလှရှိန် (၁၂/လသယ (နိုင်) ၀၃၇၇၇၄) သည် အောက်ဖော်ပြပါ **“ဖိုးရွှေလုံး” ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၁၁၃၆၇) ဖြင့် မိမိတစ်ဦး တည်း မူပိုင်ဖြစ်ကြောင်း မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်–**

ဖိုးရွှေလုံး

ဖော်ပြပါ “ဖိုးရွှေလုံး” ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name Card ၊ Letterhead ၊ E-mail ၊ Internet Website ၊ Logo ၊ Invitation Letter Social Media ၊ Facebook အစရှိသည်တို့နှင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင် အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ် အသားဖြင့် “လက်ဖက်ဆီ၊ ဆံပင်ပေါက် အားဖြည့်ဆီ၊ ဂျင်းနက်ပေါင်းဆီ၊ Detox Shampoo၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် အလှကုန်ပစ္စည်း အရွယ်အစား အမျိုးမျိုးတို့တွင် အသုံးပြု၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာတစ်နိုင်ငံလုံးရှိ မြို့များတွင် ဆိုင်ခန်းများ ဖွင့်လှစ်၍ လုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသွားရန်ဖြစ်ပါသည်။ ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ် အသားကို မည်သူမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုမှား အတုအပ ပြုလုပ်၍ဖြစ်စေ သုံးစွဲခြင်းမပြုရန် အသိပေး တားမြစ်အပ်ပါသည်။

အကယ်၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် တစ်ခုလုံးကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုမှား အတုအပပြုလုပ်၍ဖြစ်စေ၊ သုံးစွဲကြောင်း တွေ့ရှိပါက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထူးထူးငွေ BA (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၄၁၂၀။၁၉၈၇)**
**09-5069190, 09-425329888, 09-699580835**
**Building BB-1,Room 401, ဗိုလ်မှူးဗထူးအိမ်ရာ (၂)**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၂)ဦးရွှေကြူးလမ်း၊မြေကွက်အမှတ်(၉၄၃)အကျယ်အဝန်း(၄၀'× ၆၀')ပေရှိ ဦးခင်မောင်ဝင်း(WKA-017196) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်နေအိမ် အရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါမြေနှင့်အိမ်အား မြေအမည်ပေါက်ခင်ပွန်းကွယ်လွန်သွားသဖြင့် အမွေဆက်ခံခွင့်ဥပဒေအရ တရားဝင်ဇနီးဖြစ်သူ ဒေါ်ကျင်စု (၁၂/ကမရ (နိုင်) ၀၂၅၂၆၉)က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)အချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၀၈၀၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆၅) ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ်(၁၁)၊ အခန်းအမှတ်(၀၀၂)၏ အမည်ပေါက် ဦးရဲထွန်းတင် [၂/လကန(နိုင်)၀၇၅၄၂၄]ထံမှ ဒေါ်မိုးသီတာလှိုင် [၁၂/ရကန(နိုင်) ၀၄၂၂၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီးတိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ရွှေပြည်သာမြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ လူနေရပ်ကွက်အမှတ်-၂၊ စံပါယ်လမ်းနှင့် မြရတနာလမ်းထောင့်၊ မြေကွက်အမှတ်- ၉၀၊ အကျယ်အဝန်း- (၆၀x၈၀)၊ ဧရိယာ (၀.၁၁၀)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေမီးစုံပါ (၂)ထပ်အာရ်စီ လူနေအိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူများဖြစ်သော ဦးချစ်စော [၁၂/တမန(နိုင်)၀၃၀၆၈၂]၊ ဒေါ်စန်းဝင်း [၁၂/တမန(နိုင်)၀၃၀၆၂၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေသွေးခန့် [၉/ပဗသ(နိုင်)၀၁၃၉၃၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းထက် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၁၈၈၅)**
**တိုက် (၁၀/၁၂)၊ အခန်း(၁၀၄/F) ပထမထပ်၊ ၃၅ လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ မြေတိုင်း(၆)၊ မြေကွက်အမှတ်(၁၃၁/ခ)၊ အလျား ၂၀ပေx အနံ ၆၀ ပေ အကျယ်ရှိ အိမ်အပါအဝင် ဒေါ်အုံးကြည် ဂရန်အမည်ပေါက်မြေကို စာချုပ်ချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး လက်ရှိနေထိုင်ပိုင်ဆိုင်သူ-(၁) မစန်းစန်းကြည် မှတ်ပုံတင်အမှတ် [၁၂/သဃက(နိုင်)၁၃၆၃၂၆]၊ (၂) မနွယ်နွယ်အေး မှတ်ပုံတင်အမှတ် [၁၂/သဃက(နိုင်)၁၄၈၀၃၂] တို့မှ အရှုပ်အရှင်းကင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံရောင်းချရာ ဦးတင်အောင်လွင် [၁၂/ကတတ(ဧည့်)၀၀၁၀၇၃]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ဝယ်ယူရန် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးတင်အောင်လွင်**
**အမှတ်(၂၄)၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- 09-780967088, 09-976566020**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၆၂/ကန်ဘဲ့)၊ မြေကွက်အမှတ်- ၁၆/က၊ မြေ အမျိုးအစား- ဧရိယာ (၀.၂၆၅)ဧက အကျယ်အဝန်းရှိသည့် ဦးမျိုးသူရ အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်) နှင့် ယင်းမြေပေါ်တွင်တည်ဆောက်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း(အတွင်းလမ်း)၊ အိမ်အမှတ် (၁၆/က)ဟုခေါ်တွင်သော အဆောက်အဦနှင့် လျှပ်စစ်မီတာ၊ ရေစသည့် တွယ်ကပ်တပ်ဆင်ထားသော အရာများအပါအဝင် ဆက်စပ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကျော်စိုးဝင်း (ဘ) ဦးတင်ဝင်း [၁၂/ကမတ(နိုင်)၀၂၁၂၆၄]က အမည်ပေါက်ပိုင်ရှင်ထံမှ စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်၍ စီမံခန့်ခွဲလျက်ရှိကြောင်း၊ အရှုပ်အရှင်း လုံးဝမရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကမ်းလှမ်းရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေက ယင်းမြေနှင့်အဆောက်အဦအား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းလင်းနိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၈၉၂၉ )**
**အမှတ်(၂၀၄)၊ (၁၀)လွှာ၊ The Leaf Tower ၊ မွေသုခကျောင်းလမ်း၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၃၂၆၆၃၆၁**

## "နဂါးနီ(ဆန်ကြာဆံ)" အမှတ်တံဆိပ်နှင့်ပတ်သက်၍ မူပိုင်ခွင့် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် (၃၅၃)နေ ဦးရဲလင်းဖြိုး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-[၁၂/ဥကတ(နိုင်)၁၆၆၃၂၄] ကိုင်ဆောင်သူသည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲနေသည့် တံဆိပ်အမှတ်အသား ဖြစ်ပါသည်-




**မှတ်ပုံတင်အမှတ်- T / 2025 / 001148**

အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို ဦးရဲလင်းဖြိုး၏ဖခင် ဦးကောင်းမှ တစ်ဦးတည်းမူပိုင်အဖြစ် ၁၉၈၈ ခုနှစ်ကတည်းက ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း၍ အသုံးပြုခဲ့ခြင်းဖြစ်ပြီး ယခုအခါ သားဖြစ်သူ ဦးရဲလင်းဖြိုးမှ မူပိုင်ခွင့်ဦးစီးဌာန(First to File System trademark) စနစ်သစ်အောက်တွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်၍ ယခင်သုံးစွဲခဲ့သည့်အတိုင်း အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြု၍ ဆန်ကြာဆံများကို ဆက်လက်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည် ဖြစ်ပါသည်။

အထက်ပါ တံဆိပ်အမှတ်အသားကို စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်တုံး၊ ကြော်ငြာ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့ပေါ်တွင် အဆိုပါတံဆိပ်အမည်အမှတ်အသားကို အရောင် အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန် အမျိုးမျိုးပြုလုပ်၍ အဆိုပါတံဆိပ်အမှတ်အသားကို ရိုက်နှိပ်၊ ကပ်နှိပ်၍ ဖိနှိပ်၍ ပြုလုပ်ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

ထို့အပြင် ဖော်ပြပါ တံဆိပ်အမှတ်အသားနှင့်ပင် ဆန်ကြာဆံများ ထည့်သွင်းအသုံးပြုမည့် စက္ကူအိတ်၊ စက္ကူထုပ်၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ထုပ်၊ ပါဆယ်ထုပ်၊ သေတ္တာ အစရှိသည်တို့ပေါ်တွင် အဆိုပါတံဆိပ် အမည်အမှတ်အသားကို ရိုက်နှိပ်၍ ကပ်နှိပ်၍ ဖိနှိပ်၍ ပြုလုပ်ပြီးလျှင် ထုတ်လုပ်ရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အမည်စာသား ရှေ့နောက် ပြင်ဆင်ပြောင်းလဲ၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် တုပသုံးစွဲခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် အသုံးပြုဆောင်ရွက်ခြင်း၊ အကျိုးစီးပွားထိခိုက်စေရန် ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ်ဆောင်ရွက်သူများ တွေ့ရှိပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား၊ ဂုဏ်သိက္ခာ ထိခိုက်နစ်နာမှုများအတွက် တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)**
**ဖုန်း- ၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## အမှားပြင်ဆင်ကြေညာခြင်း

(၂၇-၃-၂၀၂၅)နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၂၁)တွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် **ဦးသက်မိုးငြိမ်း [၁၂/သလန(နိုင်)၁၄၆၃၃၂]၊ ဒေါ်မေသင်းခိုင် [၁၂/သလန(နိုင်)၁၂၆၁၄၇]**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းနုစိုး (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၂၁)**
**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း(အထက်)၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း- ၀၉-၄၂၁၀၁၃၅၈၈**

## "အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၂၆၊ မြေကွက်အမှတ်- ၂၃၂၊ အကျယ် (၄၀x၆၀)ပေ ပါမစ်မြေ အမည်ပေါက် ဦးကျော်စိန်(အရာခံဗိုလ်) စစ်မှုထမ်းဟောင်းအမည်ဖြင့် ရရှိထားသည့် မြေကွက်အား အဆက်အစပ်စာချုပ်များနှင့် နောက်ဆုံးပိုင်ဆိုင်လက်ရှိဖြစ်သူ ဒေါ်နန့်ယဉ်ယဉ်အေး [၁၄/မမန(နိုင်)၁၉၂၉၇၈]ထံမှ ဦးနိုင်အောင်ကျော် [၇/သနပ(နိုင်) ၁၃၉၇၅၉]က (၃-၆-၂၀၂၅) ရက်စွဲပါ "အိမ်မြေအရောင်းကတိစာချုပ်"ချုပ်ဆို၍ ရောင်းသူက ပေးအပ်သည်ကို လက်ရောက်ရယူဝယ်ယူပြီးဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဉာဏ်မင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၅၄၂)**
**အမှတ် (၁၄၀)၊ ဒုတိယထပ်၊ ၃၉- လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၀၇၃၀၈၉၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇၄)၊ လူနေရပ်ကွက်အမှတ် (ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း)၊ မြေကွက်အမှတ် (၂၂၁၈)၊ မြေကွက်ဧရိယာ (၄၀ပေx၆၀ပေ) ရှိ ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရှိ ဦးသက်လွင်(ခ) အန်ကူး [၁၂/ကတတ(နိုင်)၀၂၂၄၃၈] အမည်ပေါက် ပါမစ်မြေကွက်အား Platinum December Estate Co.,Ltd ကုမ္ပဏီမှ မှတ်ပုံတင်အမှတ် (၁၃၉၆၄၈၄၆၃) ၎င်းကိုယ်စား (၂၄-၁-၂၀၂၄)ရက်စွဲပါ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးကျော်ကျော်နိုင် [၁၂/အလန(နိုင်) ၀၀၀၁၃၁]မှ တာဝန်ယူလက်မှတ်ရေးထိုးပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲဝင်းမင်း [၅/တမန(နိုင်)၀၄၇၆၀၇]မှ (၂၁-၁၁-၂၀၂၄)ရက်နေ့တွင် "နှစ်ဦးသဘောတူ မြေကွက်သက်သက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်"ဖြင့် အရောင်းအဝယ်ပြုလုပ်ပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိအောင် (LL.B, WIPO)**
**အထက်တန်းရှေ့နေ- (စဉ်- ၅၄၂၈၂)**
**အမှတ် (၉၄)၊ ပါရမီလမ်း၊ ၁၀-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၄၂၄၃၈**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၅-၂၀၂၅)ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၁)တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်သွယ်သွယ်စိုး၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းတွင် ရောင်းချသူပိုင် အကျိုးခံစားခွင့်ရှိသည့် ချမ်းမြေ့သာယာ (၂)လမ်း၊ အမှတ်(၂၇၂) (ဒုတိယထပ်-၃လွှာ) (ခြေရင်းခန်း) အစား စိမ်းလဲ့သာယာလမ်း၊ အမှတ် (၁၀၃) (ဒုတိယထပ်-၃လွှာ) (ခြေရင်းခန်း)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ည၊ မြေကွက်အမှတ်- ၁၁၄၀၊ ၂၄၀၀-စ/ပ၊ မြေကွက်တည်နေရာအမှတ် (၁၁၄၀)၊ ရေလမ်း(၂၀)၊ (ည)ရပ်ကွက်၊ ဦးတင်အောင် [၁၂/ဥကမ(နိုင်) ၀၅၇၃၃၆]၊ ဒေါ်ခင်သီ [၁၂/ဥကမ(နိုင်)၀၅၇၃၃၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်များဖြစ်သည့် ဦးတင်အောင်+ ဒေါ်ခင်သီတို့ထံမှ (၈-၁-၂၀၂၃)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ-ဒေါ်နီနီအောင်မှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်- ၄၉/၂၀၂၄ဖြင့် ဦးတင်အောင်၊ ဒေါ်ခင်သီတို့အပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ (၂၆-၉-၂၀၂၄)ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်- ၅၀/၂၀၂၄ (၂၀-၁၁-၂၀၂၄)ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်သူဇာ [၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၃၀)၊ ဘုရင့်နောင် (၁၀)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်- ရန်ကုန်သစ်၊ မြေကွက်အမှတ် (၅၀၆)၊ ဧရိယာ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ဦးချိုဝင်း [၁၂/သဃက(နိုင်)၀၈၄၇၂၅]အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏(ခြေရင်းခြမ်း) (၂၀x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးချိုဝင်းထံမှ ယခုရောင်းသူ ဒေါ်အေးမြင့် [၁၄/ဝခမ(နိုင်) ၀၀၉၆၉၉]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး၊ ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်၊ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ(စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ ၂၀)
## မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅

ဦးစီမိုရ်(ခ)ဦးအောင်အောင်လွင် နှင့် ၁။ ဒေါ်တင်ဝါဝါဦး
၂။ ဒေါ်တင်အေး
(အမည်ပေါက်ကွယ်လွန်သူ
ဦးမောင်ခင်၏ အမွေဆက်ခံသူ)

**တရားလို** **တရားပြိုင်များ**

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်း၊ အမှတ်(၁၆၁)နေ (၂)တရားပြိုင် ဒေါ်တင်အေး (အမည်ပေါက် ကွယ်လွန်သူ ဦးမောင်ခင်၏ အမွေဆက်ခံသူ ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစီမိုရ်(ခ)ဦးအောင်အောင်လွင်က **"အရောင်းအဝယ်ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၉)ရက်၊ (၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် ၉ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီ**အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းအပြင် အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် **အမှုမဆိုင်မီ လေးရက်က** ကြိုတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇွန်လ (၅)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဖြိုးစင်သက်)**
**ဒုတိယမြို့နယ်တရားကြီး(၁)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

**ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊အနောက်ရွှေဂုံတိုင်ရပ်ကွက်၊အုတ်လမ်း၊အမှတ်(၉၉/၃) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-(၅၁)၊ မြေကွက်အမှတ်-(၁၇/စီ)၊ ဧရိယာ(၀.၀၄၅) ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့်အိမ်အပါအဝင် ၎င်း၏ဆက်နွယ်သည့် အကျိုးခံစားခွင့် အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်း။**

အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအုပ်စိုးခန့် (၁၂/လမန(နိုင်) ၁၅၅၇၇၈) သည် မိမိသာပိုင်ဆိုင်ကြောင်း၊ အရှုပ်အထွေးကင်းကြောင်း ဝန်ခံပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူသည့်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ပိုင်းကို ရောင်းချသူ ဦးအုပ်စိုးခန့် ထံပေးချေထားပါသည်။ အဆိုပါ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများနှင့် အတူကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်မိမိလှိုင် (LL.B)**

တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄)
တိုက်(၈)၊အခန်း(၇)၊တိရိစ္ဆာန်ဥယျာဉ်လမ်း၊ ဖဆပလရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊၀၉-၄၄၃၀၃၉၁၁၇၊၀၉-၅၁၁၂၀၅၁

## ကန့်ကွက်နိုင်ပါကြောင်း

၁။ ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဇီးဖြူကျွန်းကျေးရွာအုပ်စု၊ ဇီးဖြူကျွန်းကျေးရွာ၊ ကွင်းအမှတ်- ၃၈၀က၊ ကွင်းအမည်- ဇီးဖြူကျွန်းကွင်း၊ ဦးပိုင်အမှတ်- ၁၄/၃၊ မြေမျိုး- ဥယျာဉ်၊ ဧရိယာ(၀.၂၆) ဧကကို မြေခွန်ပြေစာအမည်ပေါက်သူ ဒေါ်မေသဥ္ဇာနိုင်က လက်ရှိပိုင်ဆိုင်ပါသည်။

၂။ ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဇီးဖြူကျွန်းကျေးရွာအုပ်စု၊ ဇီးဖြူကျွန်းကျေးရွာ၊ ကွင်းအမှတ်- ၃၈၀က၊ ကွင်းအမည်- ဇီးဖြူကျွန်းကွင်း၊ ဦးပိုင်အမှတ်- ၁၄/၄၊ မြေမျိုး- ဥယျာဉ်၊ ဧရိယာ(၀.၉၂) ဧကအနက်မှ (၀.၁၁)ဧကကို ဒေါ်မေသဥ္ဇာနိုင်က ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ပါသည်။

အထက်ဖော်ပြပါ အမှတ်စဉ် (၁၊ ၂)ဥယျာဉ်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မေသဥ္ဇာနိုင်(၁၂/သဃက(နိုင်)၁၉၈၅၂)က လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မြေလုပ်ကိုင်ခွင့်နှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ နယ်နိမိတ်အငြင်းပွားမှုမရှိကြောင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းများ မရှိကြောင်း၊ ကျွန်ုပ်မိတ်ဆွေဝယ်သူများအမည်ဖြင့် တရားဝင်အမည်ပေါက် ရရှိမည်ဖြစ်ကြောင်း ကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေဝယ်သူများက ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပထမအရစ် ရောင်းဖိုးငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်စန္ဒာသိန်း (LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၈)
အမှတ်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်ပေးနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ONE Friday Fights 112 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ မိုးထက်အောင် တွဲဆိုင်းပါဝင်မည်

**ရန်ကုန် ဇွန် ၅**

ဇွန် ၁၃ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ONE Friday Fights 112 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ မိုးထက်အောင် တွဲဆိုင်းပါဝင်လာမည်ဖြစ်သည်။

မိုးထက်အောင်သည် မြန်မာဖိုက်တာများနှင့် ထိုးသတ်ဖူးသည့် ထိုင်းဖိုက်တာ ခွန်ပွန်နို့င်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ မိုးထက်အောင်သည် ONE နှင့် လေးပွဲမြောက် ထိုးသတ်ရမည်ဖြစ်ပြီး ပြီးခဲ့သည့်သုံးပွဲတွင် နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။ ထိုင်းဖိုက်တာ **စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ☆



မိုးထက်အောင်(ဝဲ)နှင့် ခွန်ပွန်နို့င်(ယာ)

## ဂျာမနီအသင်းကို အနိုင်ရပြီး ပေါ်တူဂီအသင်း ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဗိုလ်လုပွဲတက်လှမ်း



ဂျာမနီအသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဂျာမနီအသင်းနဲ့ ပေါ်တူဂီအသင်းတို့ ဇွန် ၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ပေါ်တူဂီအသင်းက ဂျာမနီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ဘဲ ဂျာမနီအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၄၈ မိနစ်မှာ ဖလော်ရီယန်ဝဲ့ဇ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ပေါ်တူဂီအသင်းက ၆၃ မိနစ်မှာ ကွန်ဆီကောင်က တစ်ဂိုး၊ ၆၈ မိနစ်မှာ စီရိုနယ်လ်ဒိုကတစ်ဂိုး သွင်းယူနိုင်ခဲ့လို့ ပေါ်တူဂီအသင်း နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ပေါ်တူဂီအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုး **စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ❂

## MNL ယူ-၂၁ လူငယ်လိဂ်တွင် ရာမညယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက် အမှတ်ပြည့်ရရှိ

**ရန်ကုန် ဇွန် ၅**

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၇) ပထမနေ့ကို ဇွန် ၅ ရက်က ကျင်းပရာ ရာမညယူနိုက်တက်နှင့် ဟံသာဝတီ ယူနိုက်တက်အသင်းတို့ အမှတ်ပြည့်ရရှိခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရာမညယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရာမညယူနိုက်တက်အသင်းသည် စတုတ္ထမြောက်နိုင်ပွဲနှင့်အတူ ဇယားထိပ်ပိုင်းမှအသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ နိုင်ပွဲရရေး ကြိုးပမ်းသော်လည်း ပထမပိုင်းပြီးခါနီးနှင့် ဒုတိယပိုင်းအစတွင် ပေးလိုက်ရသည့်ဂိုးများဖြင့် ရှုံးနိမ့်ခဲ့သည်။ ရာမညယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၄ မိနစ်တွင် စောထူးဝေလျံအောင်နှင့် ၄၉ မိနစ်တွင် နေတိုးဇော်တို့က သွင်းယူခဲ့သည်။ ခုနစ်ပွဲစီကစားအပြီးတွင် ရာမညယူနိုက်တက်အသင်းက ၁၃ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ရှစ်မှတ် ရရှိထားသည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ❖



ရာမညယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။


**ယနေ့ ဖတ်စရာ**

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး**



စာမျက်နှာ » ၁၃

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Golden Valley Warrior အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများအား ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

**ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၁၈